# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၈ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၈)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ခေတ္တ သံရုံးယာယီတာဝန်ခံ Mr.Wang Zong Ying တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်

*စာမျက်နှာ ၃ ကော်လံ ၅* *

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၈ ရက်)

# စာတတ်မြောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

ယနေ့ စက်တင်ဘာလ ၈ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်သည်။

ကမ္ဘာပေါ်၌ သိပ္ပံနှင့်ခေတ်မီ ဆက်သွယ်ရေး နည်းပညာများ တစ်ဟုန်ထိုးတိုးတက်မှုနှင့်အတူ တိုးတက်ပြောင်းလဲ အောင်မြင်မှုများရှိသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စာမတတ်မြောက်သူ သန်းပေါင်းများစွာ ကျန်ရှိနေဆဲ ဖြစ်သည်။ တစ်ကမ္ဘာလုံး၌ အရွယ်ရောက်ပြီး သက်ကြီး စာမတတ်သူပေါင်း သန်းခုနစ်ရာကျော်ရှိသည်။

၂၀၀၁ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၃ခုနှစ် မှ ၂၀၁၂ခုနှစ်အထိ ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် (United Nations Literacy Decade)အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ပြီး အကောင်အထည်ဖော်ခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန် လူဦးရေ ၁၇သန်းအနက် ၁၁သန်းမှာ စာမတတ်သူများ ဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက် စာတတ်မြောက်မှုနှုန်းသည် ၈၅ရာခိုင်နှုန်းအထိ ရှိခဲ့ပေသည်။ ကိုလိုနီဆိုးမွေကို ပြန်လည်တွန်းလှန်၍ စာတတ်မြောက်ရေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ၂၀၀၉ခုနှစ်အထိ စာတတ်မြောက်မှုနှုန်းသည် ၉၄ဒသမ ၈၉ရာခိုင်နှုန်းအထိရှိလာပြီး အာရှနှင့် ပစိဖိတ် ဒေသအတွင်း စာတတ်မြောက်မှုနှုန်းမြင့်မားသော နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။

နိုင်ငံသားတိုင်း စာတတ်မြောက်ရေးလုပ်ငန်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ရာ စဉ်ဆက်ပညာရေး အစီအစဉ်အရ စာမတတ်သေးသူများအား စာတတ်မြောက်လာစေရေးကို ဆောင်ရွက်ပြီး စာတတ်မြောက်လာသူများအား စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ရေးအတွက် အခြေအနေပေးသည့် ရပ်ကွက်နှင့် ကျေးရွာတို့တွင် ရပ်ရွာပညာပဒေသာဌာနများ တည်ထောင်ဖွင့်လှစ်ပေးခြင်းကို ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်မှ ကျေးလက်စာကြည့်တိုက်များနှင့် ရပ်ရွာပညာပဒေသာဌာနများကို ဖြန့်ကြက်လွှမ်းခြုံ ထားနိုင်ပြီဖြစ်ရာ နိုင်ငံတကာ စာတတ်မြောက်ရေး ကြိုးပမ်းမှုအောင်မြင်ခဲ့သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ရေးအတွက် စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ ဝါဏိဇ္ဇဘွဲ့ရများအသင်းမှကြီးမှူး၍ ပါမောက္ခဦးမော်သန်းက Small and Medium Sized Entities များမှ လိုက်နာကျင့်သုံးရမည့် Financial Statements Presentation ခေါင်းစဉ်ဖြင့် အသင်းတိုက်တည်ရှိရာ အမှတ် ၃၇/၄၁ လမ်း ၅၀ ဗိုလ်တထောင်မြို့နယ်၌ စက်တင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၂၉၁၆၆၇နှင့် ၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ဝါဏိဇ္ဇအသင်း)



## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား

## ဒိုင်ဝါသုတေသနလီမိတက်ဥက္ကဋ္ဌအသစ် လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ဒိုင်ဝါသုတေသန လီမိတက်ဥက္ကဋ္ဌအသစ် Mr. Takashi Fukai နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။ (အပေါ်ပုံ)

### တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မီးဘေး ကြိုတင်ကာကွယ်

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၏ မီးဘေးကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ထားမှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဇူလိုင် ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း -၁)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ **အဓိပ္ပာယ်လွဲသော စာတမ်းများ** သူရလင်း၊ ပေါ်လေး၊ ဇော်၊ ရေချမ်း၊ ဇေဒါ၊ မိုးပွင့်၊ မျိုးစန္ဒီကျော်၊ မျိုးမျိုးခိုင် [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ Internet Website ကဏ္ဍ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၁၃)
- ၂၅။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း

## တီဗွီ၊ ဒီဗွီဒီနှင့်ကွန်ပျူတာတစ်စုံ ဥက္ကံမြို့ ကောင်းသန့်စာကြည့်တိုက်သို့လှူဒါန်း

တိုက်ကြီး စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကောင်းသန့် စာကြည့်တိုက်၌ အသုံးပြုရန်အတွက် တီဗွီ၊ ဒီဗွီဒီနှင့် ကွန်ပျူတာတစ်စုံ လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပရာ အလှူရှင်များဖြစ်ကြသော ဦးခင်မောင်ကြွယ် (စာရေးဆရာကောင်းသန့် - ရန်ကုန်) မိသားစုတို့က ငွေကျပ်ရှစ်သိန်းကျော် တန်ဖိုးရှိသော ၂၁ လက်မ ရောင်စုံ ရုပ်မြင်သံကြား ပြစက် တစ်လုံး၊ ဒီဗွီဒီ ပြစက်တစ်လုံးနှင့် ကွန်ပျူတာ တစ်စုံတို့ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်ထံ ပေးအပ်လှူဒါန်းသည်။

(အောက်ပုံ)

ဆက်လက်၍ အလှူရှင်မိသားစုတို့က ဥက္ကံမြို့ ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအတွက် ငွေကျပ် ၁၀ သိန်း၊ တစ်ရက်စာအာဟာရနှင့် သစ်မွေးပင်များစိုက်ပျိုးလှူဒါန်းသည်။ အလားတူ တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံ၊ ဥက္ကံတိုက်နယ်ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(တိုက်ကြီး)၊ အခြေခံပညာအထက်တန်းကျောင်း(ဥက္ကံ)တို့တွင် သစ်မွှေးပင်စုစုပေါင်း ၁၄၄ ပင် စိုက်ပျိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



## စိုက်ပျိုးထုတ်လုပ်မှု စာရင်းပြုစုရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၇

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်သည် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ တိကျမှန်ကန်စွာ ပြုစုတင်ပြရေးအတွက် စက်တင်ဘာ ၄ ရက်က ကျောက်တန်းမြို့နယ် မြေစာရင်းဦးစီးဌာနရှိ စာရင်းပြုစုသော မြေတိုင်းစာရေးများအား လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်ကန်စွာစာရင်းပြုစုရာတွင် အခြေခံမြေပုံများ၊ မြေယာမှတ်ပုံတင်စာရင်းများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာပြုစုထားရန် အသေးစိတ်ရှင်းလင်းမှာကြားကာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြေစာရင်းဦးစီး)



* ရှေ့ဖုံးမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း အလယ်ဘုံကျေးရွာ ဖူးပွင့်ဝေ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်း ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များစစ်ဆေး စာပေဖတ်ရှုလေ့လာနေသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေး

နေပြည်တော် စက်တင်ဘာ ၇

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်တင်ဘာ ၄ရက်နှင့် ၅ရက်တို့တွင် ကျေးရွာများသို့ သွားရောက်ခဲ့သည်။**

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် စက်တင်ဘာ ၄ရက် နံနက် ၇နာရီခွဲတွင် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ပညာအလင်း ခေတ်မီစာကြည့်တိုက်၏ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အလယ်ဘုံကျေးရွာ ဖူးပွင့်ဝေ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့လည်းကောင်း၊ ကမ္ဘာ့းရပ်ကျေးရွာ သုတဉာဏ်လင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့လည်းကောင်း ရောက်ရှိပြီး စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် မုံသွင်ကျေးရွာသို့ ရောက်ရှိပြီး လင်းရောင်ခြည် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အခိုင်အမာအဆောက်အအုံ တည်ဆောက်ထားရှိမှု၊ စာစောင်များ မတည်ထားမှု၊ စာအုပ်၊ စာစောင်အသစ်များ တိုးပွားရေးအတွက် စာငှားစနစ်ဖြင့် စာအုပ်များ ငှားရမ်းဖတ်ရှုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီး ဦးကျော်ဆန်းသည် စက်တင်ဘာ ၅ရက် နံနက် ၈နာရီတွင် ပုလဲမြို့ မြတ်စွယ်စုံ စာကြည့်တိုက်၏ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

### နှုတ်ဆက်အားပေး

ထို့နောက် ဝန်ကြီးသည် ကန့်ဒေါင့်ကျေးရွာရှိ မင်းသီဟ စာကြည့်တိုက်သို့ ရောက်ရှိပြီး စာအုပ်၊ စာစောင်အသစ်များ တိုးပွားလာစေရေးအတွက် စာငှားစနစ်ဖြင့် စာအုပ်ငှားရမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးကာ **(အပေါ်ပုံ)** စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ကြက်ရင်းကျေးရွာရှိ ဘဝသရဖူ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးကာ စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မိတ္တူကူးစက်နှင့် ပရင်တာများ ပြသရောင်းချမည်

နေပြည်တော် စက်တင်ဘာ ၇

Concordia Int'l Co.,Ltd. က မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသည့် ကမ္ဘာ့ပထမဆုံး မိတ္တူကူးစက် တီထွင်ထုတ်လုပ်ခဲ့သော Fuji Xerox ကုမ္ပဏီမှ အရည်အသွေးမြင့် အကြမ်းခံမိတ္တူကူးစက်များကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးရှိ Concordia Show Room များနှင့် အရောင်းကိုယ်စားလှယ်များတွင် ရောင်းချပေးနေသည့်အပြင် စက်တင်ဘာ ၉ရက်မှ ၁၁ရက်အထိ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech ၌ကျင်းပသည့် 1st Myanmar-Korea ICT Products & Solutions Exhibition 2010 ပြပွဲတွင်လည်း ဝင်ရောက်ပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် Fuji Xerox မှ ထုတ်လုပ်သော A0 Size မိတ္တူကူးစက်များ၊ A3 Size ကာလာ၊ အဖြူ၊ အမည်း မိတ္တူကူးစက်များ၊ 3 in 1, 4 in 1 မိတ္တူကူးစက်များ၊ A4, A3 လေဆာပရင်တာများ၊ ကာလာလေဆာပရင်တာများ၊ Projector များနှင့် Electronic Copy Board များကို ရောင်းချပေးသွားမည်ဖြစ်သည်။

### ရောင်းချ

အထူးအစီအစဉ်အဖြစ် Promotion ပွဲကာလဖြစ်သည့် စက်တင်ဘာ ၁၆ရက်အတွင်း Color Laser Printer model ဖြစ်သော DPC 1110B ကို ပုံမှန်ရောင်းဈေး ငွေကျပ် ၄၂၀၀၀၀မှ ငွေကျပ် ၃၆၀၀၀၀သို့ အထူးဈေးနှုန်းဖြင့် ကွန်ပျူတာအရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

### ဆက်သွယ်ဝယ်ယူနိုင်

ဆက်သွယ်မေးမြန်း ဝယ်ယူလိုပါက Concordia Co.,Ltd. ရန်ကုန် သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆၊ ၀၉-၅၀၆၂၆၀၁နှင့် ၀၉-၈၀၃၁၃၇၃၊ Fax- (၉၅၁) ၅၄၄၁၉၉၊ မန္တလေး အမှတ် ၅ မြေညီထပ်၊ SY အဆောက်အအုံလမ်း ၃၀၊ ၇၇လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈၊ ၀၂-၉၆၃၀၃ နှင့် နေပြည်တော် အမှတ် ၁၄၄ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၇

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်စာစောင်များနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဦးရွှေဇင်လတ်-ဒေါ်စိန်စိန် မိသားစုက သုတ၊ ရသစာအုပ်မျိုးစုံ၂၀၀၊ ဦးသိန်းဟန်က ဂျာနယ်မျိုးစုံ ၁၀၀နှင့် ဦးအောင်တင်က မြတ်ပန်းရဂုံ ဘာသာရေးမဂ္ဂဇင်း ၁၂အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မြောက်ပိုင်းဒေသများ ထစ်ချုန်းနိုင်

နေပြည်တော် စက်တင်ဘာ ၇

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**စက်တင်ဘာ ၈ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

## ရုရှားနှင့် အစ္စရေး စစ်ရေးပူးပေါင်းမှုစတင်

*မော်စကို စက်တင်ဘာ ၇*

*ရုရှားနှင့် အစ္စရေးနှစ်နိုင်ငံ စစ်ရေး သဘောတူညီမှုတစ်ရပ်ကို ရုရှားနှင့် အစ္စရေးကာကွယ်ရေးဝန်ကြီးများက စက်တင်ဘာ ၆ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။*

*စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ကာလရှည် ပြုလုပ်သွားရန် သဘောတူညီခဲ့ကြကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီး အနာတိုလီဆာဒီယုကော့က အစ္စရေးကာကွယ်ရေးဝန်ကြီး အွတ်ဘာရက်နှင့် တွေ့ဆုံခဲ့ပြီးနောက် ပြောကြားသည်ကို ရုရှား သတင်းစာများတွင် ကိုးကားဖော်ပြသည်။*

*စစ်လက်နက်ပစ္စည်း နည်းပညာဖလှယ်ရေးနှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် အခြေခံဆွေးနွေးခဲ့ကြ သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး ဆာဒီယုကော့က တွေ့ဆုံပွဲ ရလဒ်ကို အရိပ်အမြွက်သာ ပြောကြားခဲ့သည်။*

*ပထမဆုံး*

*ရုရှားစစ်ဘက်ဆိုင်ရာနှင့်တွေ့ဆုံသည့် ယခုဆွေးနွေးပွဲသည် ရှည်ကြာသည့်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး ဘာရက်က ပြောကြားသည်။*

*ထို့ပြင်ဘာရက်က ရုရှားကာကွယ်ရေးဝန်ကြီး ဆာဒီ ယုကော့အား အစ္စရေးသို့ အလည်ဖိတ်ခေါ်ထားကြောင်းသိရသည်။*

*(အင်တာနက်)*



## ကမ္ဘာတစ်ဝန်း တစ်နေ့ ကုန်သွယ်မှု ငွေကြေးဒေါ်လာ လေးထရီလီယံခန့်ရှိလာ

**လန်ဒန် စက်တင်ဘာ ၇**

တစ်ကမ္ဘာလုံးကုန်သွယ်မှုသည် ပြီးခဲ့သည့် သုံးနှစ်ကထက် ၂၀ရာခိုင်နှုန်း တိုးမြင့်လာခဲ့ခြင်းကြောင့် တစ်နေ့ပျမ်းမျှ ကုန်သွယ်မှု ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ လေးထရီလီယံခန့်အထိ ရှိလာပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ စက်တင်ဘာ ၇ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြလိုက်သည်။

**မြင့်တက်**

နိုင်ငံတကာရှိ အဓိကဘဏ်ကြီး ၅၃ခုကို သုတေသနပြုချက် အရ ငွေကြေး လွှဲပြောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေစာရင်းများ အပေါ်အခြေခံပြီး ယခင်နှစ်များကထက် ငွေကြေးအဝင်အထွက် ၃၇ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၀၁ခုနှစ်က ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးခဲ့သဖြင့် ကုန်သွယ်မှု ငွေကြေးပမာဏ လျော့နည်း ကျဆင်းခဲ့ပြီး ၂၀၀၇ ခုနှစ်မှ စတင်ကာ ကမ္ဘာ့ကုန်သွယ်ရေး တဖြည်းဖြည်း ပြန်လည်ဦးမော့လာခဲ့ခြင်းဖြစ်သည်။

**တိုးမြင့်**

ပြီးခဲ့သည့် ဩဂုတ်လအတွင်း ယူရိုငွေကြေးတန်ဖိုးများ နှစ်ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဂျပန်ယန်းငွေတန်ဖိုးများလည်း နှစ်ရာခိုင်နှုန်း မြင့်တက်ခဲ့သည့်အပြင် တောင်ကိုရီးယားသုံး ဝမ်ငွေများ၏ တန်ဖိုးလည်း ၁ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာ ခဲ့ကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ **(အင်တာနက်)**



## နိုင်ငံတကာ လေကြောင်းပြပွဲ

**ကနေဒါနိုင်ငံ တိုရွန်တိုမြို့ နိုင်ငံတကာ လေကြောင်းပြပွဲတွင် ကနေဒါစနိုးဘတ် စကွတ်ဒရွန် တိုက်လေယာဉ်များဖြင့် ပုံဖော်သရုပ်ပြ ပျံသန်းမှုကို စက်တင်ဘာ ၆ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

## ဖမ်းဆီးခံရသည့် အိန္ဒိယ ရေလုပ်သားများ ပါကစ္စတန်မှ ပြန်လည်လွတ်မြောက်လာ

**အစ္စလမ္မာဘတ် စက်တင်ဘာ ၇**

ပါကစ္စတန်နိုင်ငံ၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယရေလုပ်သား များအား ဖမ်းဆီးထားရာမှ နောက်ဆုံး အသုတ် ရေလုပ်သား ၁၄၁ဦးကို အိန္ဒိယသို့ ပြန်လည် လွှဲပြောင်းပေးလိုက်ကြောင်း ပါကစ္စတန်နိုင်ငံက စက်တင်ဘာ ၇ရက် တွင် ပြောကြားလိုက်သည်။

**ထုတ်ပြန်**

ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံ ရေကြောင်း နယ်နိမိတ်၌ ပါကစ္စတန်ရေပိုင် နက်အတွင်း ချိုးဖောက်ဝင်ရောက်လာခဲ့ သည့် အိန္ဒိယရေလုပ်သား စုစုပေါင်း ၄၄၂ ဦးကို ၁၈လကြာ ဖမ်းဆီးထားခဲ့ပြီးနောက် စက်တင်ဘာ ၆ရက်က နောက်ဆုံးအသုတ် ၁၄၁ဦးကို ပြန်လည်လွှတ် ပေးလိုက်ပြီ ဖြစ်ကြောင်း ပါကစ္စတန် တရားရုံးချုပ်က အမိန့်ထုတ်ပြန်သည်။

ပါကစ္စတန်ရှိ တောင်အာရှမိတ်ဖက် နိုင်ငံများအဖွဲ့ (အက်စ်အေပီ)မှ အဆိုပါ ရေလုပ်သားများအား စက်တင်ဘာ ၇ရက် တွင် လာဟိုးမြို့ရှိ ဝါဂါနယ်စပ်ဒေသမှ အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြား သည်။ (ဝဲပုံ) **အမ်အင်န်အေ၊ ဆင်ဟွာ**



## မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်နိုင်ရန် တိုက်တွန်း

*ဟနွိုင်း စက်တင်ဘာ ၇*

*မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင်း ပြည်နယ်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်ရေးအတွက် ဒေသတွင်းမူဝါဒများကို ညှိနှိုင်းချမှတ်သင့်ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်တန် ဒေါင်းက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် စက်တင်ဘာ ၆ရက်က ပြောကြားလိုက်သည်။*

*အဆိုပါ နှီးနှောဖလှယ်ပွဲကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကန်သိုမြို့၌ကျင်းပပြီး အစိုးရအရာရှိများနှင့် ကျွမ်းကျင်သူ ၇၀၀ ကျော် တက်ရောက်ခဲ့ကြသည်။*

*ပြောကြား*

*မဲခေါင်မြစ်ဝကျွန်းပေါ် ဖွံ့ဖြိုးရေးအတွက် ဗီယက်နမ်နိုင်ငံက သင့်တင့် လျောက်ပတ်သော အခြေအနေကို ဖန်တီးပေးလျက်ရှိ ကြောင်း၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးစပါးကျီနှင့် ရေထွက်ပစ္စည်းထွက်ရှိရာ ဒေသဖြစ်လာ သည့်အပြင် နိုင်ငံတော်၏ စွမ်းအင်အရင်းအမြစ်များထွက်ရှိရာ ဒေသ လည်းဖြစ်လာနေပြီဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန် ဒေါင်းက ထည့်သွင်းပြောကြားသည်။* *အမ်အင်န်အေ၊ဆင်ဟွာ*

## ဂျာမနီ နျူကလီးယားစက်ရုံများ သက်တမ်းတိုးရန် အစိုးရဆုံးဖြတ်

**ဘာလင် စက်တင်ဘာ ၇**

ဂျာမနီနိုင်ငံရှိ နျူကလီးယားစက်ရုံ များ၏ သက်တမ်းကို ပျမ်းမျှ ၁၂နှစ်အထိ တိုးရန် ဂျာမနီညွန့်ပေါင်း အစိုးရက ဆုံးဖြတ်လိုက်ကြောင်း အင်တာနက်သတင်း တွင် စက်တင်ဘာ ၆ရက်က ဖော်ပြပါရှိ သည်။

**ဆက်လက်လည်ပတ်**

ဂျာမနီညွန့်ပေါင်းအစိုးရ၏ သဘော တူဆုံးဖြတ်ချက်အရ အချို့သောစက်ရုံများကို ယခင်အစိုးရက လိုလားသည့် ၂၀၂၁ခုနှစ် တွင် ပိတ်မည့်အစား ၂၀၃၀ ပြည့်လွန်နှစ် များအထိ ဆက်လက် လည်ပတ်နေမည် ဖြစ်ကြောင်းသိရသည်။

နျူကလီးယားစွမ်းအင်ကို စွန့်လွှတ် ရသည်အထိ အစားထိုးလောင်စာများကို အလုံအလောက် မရရှိသေးကြောင်း ဂျာမနီ ဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်က ရှင်းလင်း ပြောကြားလိုက်သည်။ အဆိုပါအစီအစဉ်ကို ဆွေးနွေး ချမှတ်ရန် ဂျာမနီအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် စက်တင်ဘာ ၆ရက် ညဉ့်သန်းခေါင်အချိန်အထိ တွေ့ဆုံကာ အကြိတ်အနယ် ဆွေးနွေးခဲ့ကြရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

## စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် အက်ဖ်အေအို ညီလာခံ ကျင်းပရေးဖိတ်ခေါ်

ရောမ စက်တင်ဘာ ၇

**ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြုံတွေ့နေရစဉ် မကြာမီက ကမ္ဘာတစ်ဝန်း အစားအသောက်ဈေးနှုန်းများ မြင့်တက်လာမည်ကို စိုးရိမ်ပူပန်ရသောအချိန်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က နိုင်ငံတကာညီလာခံခေါ်ယူရန် စက်တင်ဘာ ၇ရက်က တိုက်တွန်းလိုက်သည်။**

၂၀၁၁ ခုနှစ်ကုန်ချိန်ထိအောင် ရုရှားနိုင်ငံက သီးနှံပို့ကုန် လုပ်ငန်းများ ရပ်ဆိုင်းထားမည်ဟု ရုရှားဝန်ကြီးချုပ် ဗလာဒီမာ ပူတင်က ပြောကြားပြီးနောက် အထက်ပါအတိုင်း ကြေညာချက် ထုတ်ပြန်လာခြင်း ဖြစ်သည်။ ယင်းနိုင်ငံတကာ စားနပ်ရိက္ခာ ညီလာခံကို စက်တင်ဘာ ၂၄ရက်တွင် အက်ဖ်အေအို ဌာနချုပ်ရှိရာ ရောမမြို့၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ ပြည်ပပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ လက်ရှိ ဈေးကွက်အခြေအနေများကို ဆွေးနွေး ကြမည် ဖြစ်သည်။ **(အင်တာနက်)**

## ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်၊ အနည်းဆုံး ၁၆ဦး သေဆုံး



**ခိုဟတ် စက်တင်ဘာ ၇**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုဟတ်မြို့၌ စက်တင်ဘာ ၇ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အမျိုးသမီးများနှင့် ကလေးများအပါအဝင် အနည်းဆုံး ၁၆ဦး သေဆုံးခဲ့ရကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**သေဆုံး**

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုမှာ ၎င်းမြို့ရှိ ရဲစခန်းအိမ်ရာဝင်း အတွင်း တိုက်ခိုက်ရေးသမားများက ကားဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရဲအရာရှိတစ်ဦးသေဆုံးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ဇနီးများနှင့်ကလေးများသေဆုံးခဲ့ရကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အခြားလူ ၆၀ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း မြို့အုပ်ချုပ်ရေးမှူး ခါလစ်အိုမာဇိုင်းက ပြောကြားသည်။

**တည်ရှိ**

ယင်းမြို့သည် ပက်ရှ်ဝါမြို့နှင့် လူမျိုးစုဒေသများအကြား ဆက်သွယ်ထားသည့် လမ်းမပေါ်တွင် တည်ရှိသည်။

၎င်းမြို့သည် စစ်မြေပြင်သဖွယ်ဖြစ်နေကြောင်း၊ လွန်ခဲ့သည့် ဧပြီလအတွင်းကလည်း အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သဖြင့် ၄၁ဦး သေဆုံးပြီး ဒါဇင်ပေါင်း များစွာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အိုမာဇိုင်းက ဆက်လက်ပြောကြားသည်။ ပါကစ္စတန်နိုင်ငံတစ်ဝန်း ယခုတလောဖြစ်ပွားလျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများမှာ ပါကစ္စတန် တာလီဘန်တို့က ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ဝန်ခံပြောကြားလျက်ရှိသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

## မူးယစ်ဆေးဝါး ၁၅၉၂ တန် ကျူးဘား၌ဖမ်းဆီးရမိ

**ဟာဗားနား စက်တင်ဘာ ၇**

ကျူးဘားနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း မူးယစ် ဆေးဝါးတန်ချိန် ၁၅၉၂ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၉ ခုနှစ် အလားတူကာလကထက် ၂၈ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ကျူးဘားပြည်ထဲရေးဝန်ကြီးဌာန၏ စာရင်းဇယားများကို ကိုးကား လျက် ဂရန်မာနေ့စဉ်ထုတ် သတင်းစာက စက်တင်ဘာ ၆ရက်တွင် ဖော်ပြသည်။

ကျူးဘားနိုင်ငံက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မဟာ ဗျူဟာအရ ဘိန်းသီးများကိုပါ ဆက်လက်စုဆောင်း ဖျက်ဆီး သွားမည်ဖြစ်ကြောင်း ၎င်းသတင်းစာကရေးသားသည်။ ထိုနိုင်ငံက အဆိုပါမူးယစ်ဆေးဝါးများကို မူးယစ်ဆေးဝါးစစ်ဆင်ရေး ၇၇ခုဖြင့် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## နောက်ဆုံးရနိုင်ငံတကာသတင်းများ

➢ အာကာကျော်-စုစည်းသည် ➣

### နယူးဇီလန်၌ လျှော်ငယ်အကြိမ် ၂၀ ထပ်မံလှုပ် လျှင်ထပ်မံလှုပ်နိုင်ကြောင်း ကျွမ်းကျင်သူများခန့်မှန်းပြောကြား

*ခရစ်ချပ်(နယူးဇီလန်) စက်တင်ဘာ ၇*

*နယူးဇီလန်နိုင်ငံ ခရစ်ချပ်မြို့တွင် အင်အားပြင်းငလျင်ကြီးလှုပ်ခဲ့ပြီးနောက် စက်တင်ဘာ ၆ ရက် ညပိုင်းက ငလျင်ငယ်အကြိမ် ၂၀ခန့်လှုပ်ခဲ့ကြောင်း၊ လာမည့်ရက်များအတွင်း ငလျင်ကြီးထပ်မံလှုပ်နိုင်ကြောင်း ငလျင်ကျွမ်းကျင်သူများက စက်တင်ဘာ ၇ရက်၌ သတိပေးလိုက်သည်။*

*ယင်းမြို့၌ စက်တင်ဘာ ၄ရက်က ရစ်ချ်တာစကေး ၇ဒသမ ၁ရှိ အင်အားပြင်း ငလျင်ကြီးလှုပ်ခဲ့ရာ အဆောက် အအုံများ၊ လူနေအိမ်များနှင့် လမ်းများပျက်စီးခဲ့ကြောင်း**(အောက်ပုံ)**၊ ငလျင်ကြောင့်သေဆုံးမှု မရှိသော်လည်း နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ လာမည့်သီတင်းပတ်အတွင်း အင်အား ရစ်ချ်တာစကေး ၆ အဆင့်ရှိ မြေငလျင်ထပ်မံလှုပ်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။* ***(အင်တာနက်)***



### ဟာမိုင်းမုန်တိုင်း တက္ကဆက်နှင့်မက္ကဆီကို ကမ်းခြေများသို့ဝင်ရောက်

*မီယာမီ စက်တင်ဘာ ၇*



*အပူပိုင်းမုန်တိုင်း ဟာမိုင်းသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် မက္ကဆီကို ကမ်းခြေများသို့ စက်တင်ဘာ ၆ရက် ညပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း မီယာမီရှိ အမေရိကန်ဟာရီကိန်းဌာနက ကြေညာသည်။*

*ယင်းမုန်တိုင်းသည် မက္ကဆီကို အရှေ့မြောက်ပိုင်းကမ်းခြေများသို့ စက်တင်ဘာ ၆ရက် ညပိုင်းက ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းမုန်တိုင်းသည် တက္ကဆက်ပြည်နယ် ဟာလင်ဂျင်မြို့ အနောက်တောင်ဘက် ၁၀မိုင်အကွာ၌ တည်ရှိနေပြီး တစ်နာရီ မိုင် ၆၀နှုန်းဖြင့် အနောက်မြောက်ဘက်သို့ တိုက်ခတ်လျက်ရှိကြောင်း၊ မက္ကဆီကိုနိုင်ငံ ရီယိုဆန်ဖာနန်ဒိုမြို့နှင့် တက္ကဆက်အိုကွန်နာဆိပ်ကမ်းသို့ ဆက်လက်ဝင်ရောက်ဖွယ်ရှိကြောင်း အမေရိကန်ဟာရီကိန်းဌာနကြေညာချက်တွင် ဖော်ပြသည်။ (အပေါ်ပုံ)*

*အမ်အင်န်အေ၊ဆင်ဟွာ*

### အင်ဒိုနီးရှားမီးတောင်ကြီး ထပ်မံပေါက်ကွဲ



***ဂျကာတာ စက်တင်ဘာ ၇***

*အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းပေါ်ရှိ စီနာဘန်းမီးတောင်ကြီးသည် **(ဝဲပုံ)** စက်တင်ဘာ ၇ရက်က ထပ်မံပေါက်ကွဲပြန်ရာ မီးခိုးပြာများ အရှိန်အဟုန်ပြင်းစွာ မှုတ်ထုတ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*

*အဆိုပါ မီးတောင်မှ မီးခိုးပြာများသည် ၁၅မိုင်အကွာအဝေးရှိ ကျေးရွာများပေါ်သို့ကျရောက်ခဲ့ကြောင်း၊ ၎င်းမီးတောင်သည် လာမည့်သီတင်းပတ်များ သို့မဟုတ် လများအတွင်း ပြင်းထန်စွာ ထပ်မံပေါက်ကွဲလာဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်း ပြောကြားသည်။*

***အမ်အင်န်အေ၊ဆင်ဟွာ***

### အီသီယိုးပီးယား၌ရေကြီး၍ ဒေသခံများ ဘေးလွတ်ရာသို့ပြောင်းရွှေ့

*အဒစ္စအဘာဘာ စက်တင်ဘာ ၇*

*အီသီယိုးပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်ပေါ်ခဲ့သဖြင့် လူပေါင်း ၁၆၀၀၀ကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက စက်တင်ဘာ ၇ရက်တွင် ပြောကြားသည်။*

*ယင်းရေကြီးမှုသည် နိုင်ငံအလယ်ပိုင်း၌ မကြာသေးမီက ရေကြီးမှုများ ဖြစ်ပွားခဲ့၍ ထောင်ပေါင်းများစွာသောပြည်သူများ ရေဘေးကြုံရပြီးနောက် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၂၇ရက်က ပိုဂိုယာမြစ်နှင့် တန်ဒယ်ဟိုဆည် ရေကြီးရေလျှံမှုဖြစ်ပြီး လူပေါင်း ၁၅၆၀၀ကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။* *(အင်တာနက်)*



ဆိုရုဇ်အာကာသယာဉ်၏ စက်အစိတ်အပိုင်းများကို စစ်ဆေးနေစဉ်။

## အာကာသသို့ သုံးကြိမ်မြောက်သွားရောက်မည့် အာကာသယာဉ်မှူးနှင့် တွေ့ဆုံခြင်း

**မောင်မောင်မြင့်ဆွေ - ရေးသားသည်**



**သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် ကနေဒါအာကာသယာဉ်မှူး ခရစ်ဟက်ဖီးလ်က ရှင်းလင်းပြောကြားစဉ်။**

ကနေဒါ နိုင်ငံသား အာကာသယာဉ်မှူး ခရစ်ဟက်ဖီးလ်သည် ၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ သွားရောက်မည်ဖြစ်ကြောင်း၊ ၎င်းသည် နိုင်ငံတကာအာကာသစခန်းသို့ သုံးကြိမ်မြောက်သွားရောက်မည့် ပထမဆုံး အာကာသယာဉ်မှူးဖြစ်ကြောင်း ကနေဒါ အာကာသအေဂျင်စီ (စီအက်စ်အေ)က စက်တင်ဘာ ၆ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ထိုသို့ သတင်းထုတ်ပြန်ပြီးနောက် ကနေဒါအာကာသအေဂျင်စီက အာကာသယာဉ်မှူး ခရစ်ဟက်ဖီးလ်နှင့် သတင်းထောက်များတွေ့ဆုံပွဲ ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲ၌ ခရစ်ဟက်ဖီးလ်နှင့် သတင်းထောက်များ တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်-

**သတင်းထောက်။** **။ဘယ်လို ရည်ရွယ်ချက်နဲ့ အခုလို အာကာသခရီးစဉ်ကို သုံးကြိမ်မြောက်သွားဖို့ ဆုံးဖြတ်လိုက်တာလဲ။**

ခရစ်ဟက်ဖီးလ်။ ။အဓိကအနေနဲ့ကတော့ ကိုယ်တိုင်စိတ်ဆန္ဒပြင်းပြနေလို့ပါပဲ။ ထူးခြားမှု အရှိဆုံး အာကာသယာဉ်မှူးအဖြစ်နဲ့ ကမ္ဘာ့ပြည်သူတွေကို အာကာသ အသိပညာဗဟုသုတတွေ ပေးချင်လို့ဖြစ်ပါတယ်။

**သတင်းထောက်။** **။ဘယ်လိုမျိုး အတွေ့အကြုံတွေ ရရှိမယ်လို့ ထင်ပါသလဲ။**

ခရစ်ဟက်ဖီးလ်။ ။စိန်ခေါ်မှုအသစ်တွေ၊ အာကာသအတွေ့အကြုံအသစ်တွေအပြင် အာကာသရဲ့ ထူးခြားပြောင်းလဲမှုဖြစ်စဉ်တွေကို တွေ့ကြုံရလိမ့်မယ်လို့ ထင်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာ အာကာသယာဉ်စခန်းပြုပြင်မှုတွေ ပြုလုပ်ရတာဟာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။

**သတင်းထောက်။** **။မိသားစု ရှိပါသလား။ သူတို့က မတားဘူးလား။**

ခရစ်ဟက်ဖီးလ်။ ။ရှိတာပေါ့၊ ဇနီးဖြစ်သူ အွန်တာရီရိုနဲ့ သားသမီး သုံးဦးရှိပါတယ်။ ဇနီးဖြစ်သူ အပါအဝင် သားသမီးတွေက အားပေးကြပါတယ်။ သူတို့ဂုဏ်ယူနေပါတယ်။ သူတို့ကိုယ်တိုင်လည်း စိတ်လှုပ်ရှားနေကြတာပါ။

**သတင်းထောက်။** **။ဘယ်နေ့မှာ ခရီးစထွက်ဖို့နဲ့ ဘယ်နေ့ ပြန်ဆင်းဖို့ စီစဉ်ထားပါသလဲ။**

ခရစ်ဟက်ဖီးလ်။ ။၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်မှာ အာကာသခရီးစဉ် စတင်ပြီး ၂၀၁၃ ခုနှစ် ဇွန်လမှာ ကမ္ဘာမြေကို ပြန်ဆင်းလာမှာဖြစ်ပါတယ်။

**သတင်းထောက်။** **။ဘယ်အာကာသယာဉ်နဲ့သွားမှာလဲ၊ ဘယ်သူတွေ ပါဦးမှာလဲ ပြောပြပါဦး။**

ခရစ်ဟက်ဖီးလ်။ ။ကျွန်တော်နဲ့အတူ အမေရိကန် အာကာသယာဉ်မှူးတစ်ဦးနဲ့ ရုရှားအာကာသယာဉ်မှူးတစ်ဦး ပါဝင်မှာပါ။ စီးနင်းလိုက်ပါသွားမယ့်ယာဉ်က ရုရှားလုပ် ဆိုရုဇ်အာကာသယာဉ်ဖြစ်ပါတယ်။

**သတင်းထောက်။** **။နိုင်ငံတကာ အာကာသယာဉ်စခန်းမှာ ဘာတွေ ဆောင်ရွက်မှာလဲ။**

ခရစ်ဟက်ဖီးလ်။ ။နိုင်ငံတကာ အာကာသယာဉ်စခန်းရဲ့ ပျက်စီးနေတဲ့ အစိတ်အပိုင်းတွေ ပြင်ဆင်မယ်၊ အာကာသအတွင်းမှာ လမ်းလျှောက်မယ်၊ ပြီးရင် အာကာသအတွင်းရောက်ချိန်မှာ လူ့ခန္ဓာကိုယ်အတွင်း ပြောင်းလဲမှုဖြစ်စဉ်တွေကို မှတ်တမ်းတင်မယ်၊ နိုင်ငံတကာ အာကာသယာဉ်စခန်းမှာရှိတဲ့ အာကာသဓာတ်ခွဲခန်းအတွက် လိုအပ်တဲ့နည်းပညာနဲ့ ကိရိယာတွေ တပ်ဆင်ပေးသွားမယ်။

**သတင်းထောက်။** **။သီးခြားအစီအစဉ်ကော ရှိသေးလား။**

ခရစ်ဟက်ဖီးလ်။ ။အာကာသအတွင်းမှာ လူသားတွေ အသက်ရှင်နေထိုင်ဖို့အတွက် နည်းလမ်းသစ် ရှာဖွေဖို့လည်း ပါဝင်ပါတယ်။

အာကာသထဲမှာ လူတွေ အချိန်ဘယ်လောက်ကြာကြာ နေထိုင်နိုင်မလဲဆိုတာကိုလည်း သုတေသနပြုဖို့တော့ စဉ်းစားထားတယ်။

**သတင်းထောက်။** **။ဘယ်အချိန်က အာကာသယာဉ်မှူး စတင်ဖြစ်ခဲ့ပြီး ဘယ်အချိန်ကာလမှာ အနားယူဖို့ စဉ်းစားထားလဲ။**

ခရစ်ဟက်ဖီးလ်။ ။၁၉၉၂ ခုနှစ်မှာ အာကာသခရီးစဉ် ပထမဆုံး သွားရောက်ခဲ့တာဆိုတော့ အဲဒီနှစ်မှာ အာကာသယာဉ်မှူး စဖြစ်တယ်လို့ ဆိုရမှာပါ။ အနားယူဖို့ ကိစ္စကတော့ အခု အာကာသခရီးစဉ်ပြီးဆုံးမှပဲ စဉ်းစားမှာဖြစ်ပါတယ်။

ဟု အာကာသသို့ သုံးကြိမ်မြောက် သွားရောက်မည့် ကနေဒါ အာကာသယာဉ်မှူး ခရစ်ဟက်ဖီးလ်က ဖြေကြားသွားပါကြောင်း....။ ။ **(အင်တာနက်)**



ဆိုရုဇ်အာကာသယာဉ်ကို ဒုံးပစ်စင်ပေါ်တွင် တပ်ဆင်ထားစဉ်။



# တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

## တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း အမှာစကားပြောကြား

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ရက် ညနေပိုင်းက တိုင်းစစ်ဌာနချုပ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ မိသားစုဝင်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။ အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က အလှူငွေနှင့်အားကစားအင်္ကျီများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများသည် လက်ဝှေ့သရုပ်ပြသမှုနှင့် ပွဲစဉ်ယှဉ်ပြိုင်ကစားမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၉-၉-၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | တရားတော်(အာဋ္ဌာနာဋိယသုတ်+ ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၈း၃၀ | လောကနီတိအသိရှိစေဖို့ (ဓမ္မပဒလာ ဆုံးမစာများ) |
| ၈း၃၅ | တေးပဒေသာ |
| ၁၀း၀၀ | သောတရှင်လိုရာတေး |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၂၅ | ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (ဇော်ဝင်းနိုင်) |
| ၁၁း၄၅ | သိပ္ပံပညာသိကောင်းစရာ **သိပ္ပံသတင်းအတိုအထွာ** |
| ၁၁း၅၅ | တေးသီချင်း |
| ၁၂း၀၀ | စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ |
| ၁၂း၂၀ | ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာ ဝါးဦးထုပ်ပြုလုပ်နည်း) |
| ၁၂း၃၀ | Music Talk တေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | တေးပဒေသာ |
| ၁၃း၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | အမှတ်တရတေးလက်ဆောင် |
| ၁၇း၁၀ | ဘဝတစ်ကွေ့ အတွေ့အကြုံ (လွမ်းလျက်ရှိနေ အမိတက္ကသိုလ်မြေ) တေးပဒေသာ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၀ | ရေဒီယိုဇာတ်လမ်းတွဲများ (ရောင်ပြန်မေတ္တာ-ဒုတိယပိုင်း) |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | ညနေခင်းတေးပဒေသာ |
| ၁၈း၂၅ | ကျေးလက်ဇာတ်လမ်း **(နေရောင်ခြည်)** |
| ၁၈း၄၅ | ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၀၅ | ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက် |
| ၁၉း၃၀ | သုတစုံကြွယ်သိစေဖွယ် (သူများပျော်လို့မပျော်နိုင်) |
| ၁၉း၄၀ | ရေဒီယိုအတိုတ်တေးအရိပ် |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၂၀ | ချမ်းမြေ့သာယာ သီရိဂေဟာ (တေးသံရှင် ထူးအယ်လ်လင်းနှင့် မီးမီးခဲတို့ဇနီးမောင်နှံ) |
| ၂၀း၅၀ | သူ့လက်သံ (ဦးအောင်ရှိန်ရဲ့ မယ်ဒလင်လက်သံ) စီးပွားရေးဦးတည်ချက် |
| ၂၁း၀၀ | ဆောင်းပါး (စိတ်နှလုံးအေးချမ်းစွာ နေထိုင်လိုလျှင်) |
| ၂၁း၀၅ | ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ |
| ၂၂း၀၀ | အစီအစဉ်ပြီး၏။ |



# ပညာရည်ချွန်ဆုပေးပွဲ သံဖြူဇရပ်၌ ကျင်းပ

**သံဖြူဇရပ် စက်တင်ဘာ ၇**

သံဖြူဇရပ်မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီ၏ (၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် တက္ကသိုလ်ဝင်တန်းအောင် မော်တော်ယာဉ်လုပ်သား မိသားစုသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ဩဂုတ် ၂၉ ရက်က မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သံဖြူဇရပ်မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသိန်း၊ အတွင်းရေးမှူး ဦးအေးကျော်နှင့် ကော်မတီဝင်များ၊ မော်တော်ယာဉ်ပိုင်ရှင်များနှင့် ယာဉ်လုပ်သားများ၊ ၄င်းတို့၏ တက္ကသိုလ်ဝင်တန်းအောင် သားသမီးများ တက်ရောက်ကြသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မော်တော်ယာဉ်ဥက္ကဋ္ဌ ဦးဝင်းသိန်းတို့က အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်တန်းအောင် မော်တော်ယာဉ်လုပ်သား မိသားစုသားသမီး ၁၅ ဦးအနက် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးအား မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင်များအား မြို့နယ်မော်တော်ယာဉ် ဥက္ကဋ္ဌကလည်းကောင်း၊ ကျန်တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ကော်မတီ အတွင်းရေးမှူး ဦးအေးကျော်နှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်မထသ)**

# မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအထွေထွေမန်နေဂျာ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများနှင့်တွေ့ဆုံ

**ညောင်တုန်း စက်တင်ဘာ ၇**

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ (စိုက်ပျိုးပညာပေး) ဦးလှကြီးနှင့် အဖွဲ့သည် ဩဂုတ် ၂၅ရက်က ညောင်တုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော် လေးမြို့နယ်မှစိုက်ပျိုးရေးပညာပေး ဝန်ထမ်းများနှင့်တွေ့ဆုံပြီး **(ယာပုံ)** အထွက်ကောင်း မျိုးသန့်စပါးစိုက်ပျိုးရေးကို အဓိကပညာပေး ဆောင်ရွက်ကြရန်၊ မျိုးသန့် ပြန့်ပွားရေးကို အဓိကထားဆောင်ရွက်ကြရန်၊ လွယ်ကူပြီး ထိရောက်သည့် စိုက်ပျိုးရေးနည်းပညာ ရပ်များကို တောင်သူလယ်သမားများ လိုက်နာဆောင်ရွက်နိုင်ရေး စည်းရုံး ဆောင်ရွက်ရန်၊ ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်ပြီး အကျိုးဆက်အဖြစ် သီးနှံ ပုံစံစိုက်စနစ် ပြောင်းလဲမှုများကို သတိထားပြီး လေ့လာဆောင်ရွက်သွား ရန်တို့ကို ဆွေးနွေးမှာကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် မြို့နယ်မန်နေဂျာများက တစ်မြို့နယ်ချင်းအလိုက် စိုက်ပျိုးရေး အခြေအနေများကို တင်ပြဆွေးနွေးကြ



သည်။ အဆိုပါဆွေးနွေးပွဲသို့ မအူပင် ခရိုင်အတွင်းရှိ လေးမြို့နယ်မှ ခရိုင် မန်နေဂျာနှင့် မြို့နယ်မန်နေဂျာများ၊ ဒုတိယကြီးကြပ်ရေးမှူးများနှင့် စိုက်ပျိုး ပညာပေးဝန်ထမ်းများ တက်ရောက်ကြ သည်။ **(၁၅၂)**

ရသေ့တောင်မြို့ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး အတွက် စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



# မူးယစ်ဆေးဖြတ်ကုသခြင်း သင်တန်းဆင်းပွဲကျင်းပ

**မူဆယ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ခရိုင် မူဆယ်မြို့နယ် တီးမကျေးရွာ၌ မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည် ထူထောင်ရေးသင်တန်း အမှတ်စဉ် (၆) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရှေးဦးစွာ မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမောင်သန်း သင်တန်းဆင်း အမှာစကား ပြောကြားသည်။

**ချီးမြှင့်**

ထို့နောက် ဌာနတာဝန်ခံရဲမှူး ကျော်ကျော်၊ လူမှုဝန်ထမ်း ဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းအောင်၊ မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ် ရေးမှူး ဦးအောင်ကိုလတ်တို့က သင်တန်း နှင့် ပတ်သက်သော အကြောင်းအရာများကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဒုတိယ ရဲမှူးကြီး မိုးမောင်သန်းက သင်တန်းသား ၅၆ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(၂၀၄)**

# ပညာရေးဝန်ထမ်းများ သမဝါယမအသင်း စည်းဝေး

**မိုးမောက် စက်တင်ဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်း(လီမိတက်)၏ ၂၀၀၉-၂၀၁၀ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ်၃၁ရက် မွန်းလွဲ ၁နာရီက အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးမှူး ဦးအောင်ဝင်းက သမဝါယမလုပ်ငန်းရပ်များ ရှင်းလင်း ဆွေးနွေးပြီးနောက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် စာရင်းစစ်ဆေးချက် အစီရင်ခံစာများ ဖတ်ကြားအတည်ပြု သည်။

**အတည်ပြု**

ထို့နောက် မြို့နယ်သမဝါယမ ဖွဲ့စည်း ရေး ကော်မရှင်က အမှုဆောင်သစ်အစားထိုး ခြင်းကို အတည်ပြုခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်သမဝါယမ)**

# မင်္ဂလာကျုံးနှင့် ကန်များ စက်ယန္တရားများဖြင့်တူးဖော်

**နေပြည်တော် စက်တင်ဘာ ၇**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့တွင်းရှိ မင်္ဂလာကျုံးနှင့် ကန်များမှာ နှစ်ပေါင်းများစွာ မိုးခေါင်ခဲ့မှုကြောင့် နုန်းမြေများ တစ်နှစ်ထက် တစ်နှစ်ပိုပြီး တိမ်ကောနေသဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင် ဦးဆောင်မှုဖြင့် တိမ်ကောနေသည့် ခံစပ်ကုန်းကန်၊ မီးရထားကန်နှစ်ကန်နှင့် မင်္ဂလာကျုံးတို့ကို ဇူလိုင်လဆန်းမှစ၍ စေတနာရှင်ပြည်သူများ လှူဒါန်းငွေနှင့် ဆန်းရွှေပြည်သတ္တု တူးဖော်ရေးကုမ္ပဏီ၏ ကူညီပံ့ပိုးမှုတို့အရ စက်ယန္တရားကြီး နှစ်စီးဖြင့် တူးဖော်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ပထမပတ်တွင် မြေတူး မြေသယ်လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

*နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေ အရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။*

*နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။*



# ရွှေဘိုခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု

## တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

**စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၄ ရက်က ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် တအုံကျေးရွာရှိ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန မိုးချည်မျှင်ရှည်ဝါ စိုက်ကွက်သို့ ရောက်ရှိစစ်ဆေးသည်။**

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေဘို-ကျောက်မြောင်းလမ်း လမ်းချဲ့ခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်သို့ ရောက်ရှိပြီး ကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

### လက်ဝဲမြောင်းသဲနုန်းတူးဖော်

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခင်ဦးမြို့နယ် ကျီးကန်ကျေးရွာရှိ ကင်းတပ်ဆည် လက်ဝဲမြောင်း သဲနုန်းတူးဖော်ခြင်းနှင့် မြောင်းချဲ့ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

### မြေသြဇာစုပေါင်းကြဲပက်

ထို့နောက် ကံသစ်ကျေးရွာရှိ တောင်သူတစ်ဦး၏ စပါးစိုက်ခင်း၌ မြေသြဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေဦးမြို့နယ် မုတ်စီကျေးရွာ မိုးစပါး စုပေါင်း မြေသြဇာကြဲပက်ပွဲတွင် တောင်သူတစ်ဦး၏ မိုးစပါးစိုက်ဧကအတွင်း စုပေါင်း မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)**ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗီဒီယိုအခြေခံအဖွဲ့ လုပ်ငန်းလိုင်စင်များ မြောင်းမြမြို့နယ်၌ နေ့ချင်းပြီးဆောင်ရွက်

မြောင်းမြ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းညွန့်၊ တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြင်ဥ၊ အတွင်းရေးမှူး ဦးလှကြည် နှင့်အဖွဲ့သည် ဩဂုတ် ၂၈ ရက်က မြောင်းမြမြို့ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ရုံး၌ မြို့ပေါ်ရှိ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ကြသူများ၊ ဖျော်ဖြေရေးလုပ်ငန်း လုပ်ကိုင်ကြသူများအတွက် ရုပ်မြင် သံကြားနှင့် ဗီဒီယိုဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းလိုင်စင်ရရှိရေးအတွက် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးစန်းအေးနှင့် အဖွဲ့ဝင်များက ပူးပေါင်း၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ဖွင့်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး ကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန် ကနောင်ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(ယာပုံ)**

### မဲရုံလုပ်ငန်းသရုပ်ပြ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းညွှန်ကြားချက်များကိုလည်းကောင်း ရှင်းလင်းပို့ချသည်။ ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက ဆွေးနွေးမေးမြန်းသည်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ပြောကြားပြီး မဲရုံလုပ်ငန်းသရုပ်ပြခြင်းကို ဆက်လက်ဆောင်ရွက်သည်။



### တက်ရောက်

အဆိုပါသင်တန်းသို့ ခရိုင်ကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင် ဦးခင်အောင်၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် သင်တန်းသား သင်တန်းသူ၃၀၀ တက်ရောက်ကြသည်။ **(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ပြင်ဦးလွင်၌ဖွင့်

ပြင်ဦးလွင် စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး ၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဒုတိယအကြိမ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ကျင်းပရာ ပြင်ဦးလွင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်စာရင်းစစ်အရာရှိ ဦးမောင်မောင်လေးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ ပြင်ဦးလွင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ခွဲဝင်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းသား စုစုပေါင်း၂၁၃ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ရန်ကုန်-မန္တလေး လမ်းမကြီး ဘေးဝဲယာ သာယာလှပရေး မြေယာရှင်းအလှ စုပေါင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# ခြင်ဆေးခွေအသုံးပြုကြသော ပြည်သူများအတွက်သတိပေးထုတ်ပြန်ချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဈေးကွက်အတွင်း ရောင်းချနေသော ခြင်ဆေးခွေအချို့မှာ တရားဝင်ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။

မြန်မာနိုင်ငံပိုးသတ်ဆေးဥပဒေအရ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင်လည်း တရားဝင် မှတ်ပုံတင်ခွင့်ပြုချက် ရယူထားခြင်းမရှိပါ။ ယင်းခြင်ဆေးခွေများတွင် အဆိပ်ရှိ ပစ္စည်းပါဝင်မှု ပမာဏမှာလည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက သတ်မှတ်ထားသော အမြင့်ဆုံးပါဝင်မှု ပမာဏထက် ပိုမိုပါဝင်နေပါသဖြင့် အသုံးပြုသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။

သို့ပါ၍ အဆိုပါခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပိုးသတ်ဆေး မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိ ပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများကို တင်သွင်းခြင်း၊ ရောင်းချခြင်းတို့ကို တားဆီး အရေးယူခြင်းနှင့် သိမ်းဆည်းမှု ပြုလုပ်ရန် (၁၈)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ထားကြောင်း သတိပေးထုတ်ပြန်လိုက်သည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် ဝဋ္ဋသုတ်၊ မောရသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | တရားဦးဓမ္မစကြာ တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ) |
| ၆:၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၇) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၁) |
| ၈:၄၀ | Activities in the City (Brilliance Vocational Education &Training Center ဖွင့်ပွဲ) |
| ၈:၅၅ | ၂၀၁၀နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ် ဖိတ်ခေါ်သစ်ပင်စိုက်ပွဲ (လှော်ကားဥယျာဉ်) |
| ၉:၀၅ | **ရှင်နှောင်း ကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောဝင်း၊ ယွန်းငုံဖူး (ဒါရိုက်တာ-ဦးခင်ဇော်) |
| ၉:၃၀ | အားကစားမြင်ကွင်းစုံ လွှန်းဝါ၊ နန္ဒစိုင်း၊ မြတ်သုရ |
| ၉:၅၅ | Industrial Talk |
| ၁၀:၂၀ | အိမ်တွင်းစီးပွားမုန့်လုပ်နည်း ပညာများ (ပေါက်စီပြုလုပ်နည်း) |
| ၁၁:၀၅ | သင်ယူလေ့လာဂီတပညာ (Vocal Training Module; 01) |
| ၁၁:၃၀ | **ရင်ထဲမှာနွေ** ခန့်စည်သူ၊ ခိုင်သင်းကြည် (ဒါရိုက်တာ-သန့်ဇင်အောင်) |
| ၁:၀၀ | တရားဦးဓမ္မစကြာ တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | စကားနပန်း (ကိုယ်ပိုင်ကားရှိတာ ကောင်းတယ်၊ ကိုယ်ပိုင်ကားမရှိတာ ကောင်းတယ်) |
| ၃:၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၇) |
| ၄:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၁) |
| ၄:၄၅ | လင်းလက်သော ကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း |
| ၅:၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၅:၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | ရန်ကုန်မြင်ကွင်းကျယ် (အဝစား ဘူဖေးစားသောက်ဆိုင်၏သီချင်းဆိုပြိုင်ပွဲ ဖွင့်ပွဲ) |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၈) |
| ၇:၁၅ | Cartoon Show Time (Kronk's New Groove) |
| ၇:၅၀ | တောင်ကုတ်မြို့နယ်အသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်) |
| ၉:၀၀ | Celebrity Style (ချောရတနာနှင့်သန္တာဗို) |
| ၉:၂၀ | သင်ကြားရေးလမ်းညွှန် (U.C.E.C တရုတ်ဘာသာ စကားသင်တန်းကျောင်း) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၂) |
| ၁၀:၁၀ | **အဖြည့်ခံနှလုံးသား** ခန့်စည်သူ၊ ထက်ထက်မိုးဦး၊ ပန်းဖြူ (ဒါရိုက်တာ-အကယ်ဒမီမောင်နန္ဒ) |
| ၁၁:၄၀ | Activities in the City (Brilliance Vocational Education &Training Center ဖွင့်ပွဲ) |
| ၁၂:၀၀ | Parkway Healthcare မှ အသည်းရောဂါအထူးကု ဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း |
| ၁၂:၃၀ | World of Knowledge (Trading Faces) |
| ၁:၁၅ | Industrial Talk |
| ၁:၄၅ | တောင်ကုတ်မြို့နယ်အသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ |
| ၂:၀၀ | ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်) |
| ၂:၂၅ | ၂၀၁၀နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ်ဖိတ်ခေါ်သစ်ပင် စိုက်ပွဲ (လှော်ကားဥယျာဉ်) |
| ၂:၄၀ | စွမ်းအားစုံညီကြက်ခြေနီ |
| ၂:၅၅ | မုဒုံမြို့၏သာသနာ့ဂုဏ်ရည်.... ကန်တော်ဦးမုမြတ်စေတီ |
| ၃:၀၅ | အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော် |
| ၃:၂၀ | လူမှုစီးပွားမြင့်မားဖို့ကျေးရွာ စာကြည့်တိုက်အတွင်းစာဖတ်စို့ |
| ၃:၃၅ | နူးညံ့လှပနန်းတွင်းယိမ်းအက |
| ၃:၄၀ | မီးလောင်ခံရသူအားရှေးဦးသူနာပြုစုနည်း(ဒေါက်တာခင်နှင်းဦး) |
| ၃:၄၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၅:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးပွားချမ်းသာခြင်းအတွက် စာတတ်မြောက်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏**
**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာ**
**၂၀၁၀ပြည့်နှစ်၊ စက်တင်ဘာ ၈ရက်**

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် အမျိုးသမီးများ စွမ်းရည်မြင့်မားရေးအတွက် စာတတ်မြောက်ခြင်းက အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း မီးမောင်းထိုးပြထားပါသည်။ စာတတ်မြောက်ခြင်းသည် အမျိုးသမီးများ၏ဘဝ လူနေမှုအဆင့်အတန်းကိုသာမက ၄င်းတို့၏ မိသားစု၊ ရပ်ရွာနှင့်လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ စာတတ်မြောက်သည့် အမျိုးသမီးများအနေနှင့် ၄င်းတို့၏ ကလေးများ၊ အထူးသဖြင့် မိန်းကလေးများကို ကျောင်းသို့စေလွှတ်၍ ပညာသင်ယူစေမှု ပိုများလာစေပါသည်။ အမျိုးသမီးများ စာတတ်မြောက်ခြင်းဖြင့် မိမိကိုယ်မိမိ ပိုမိုယုံကြည်မှုရှိလာပြီး ၄င်းတို့နိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဘဝတွင်ပါ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာကြပါသည်။ အမျိုးသမီးများ စာတတ်မြောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် ကြီးမားသော အကျိုးအမြတ်ကို ရရှိစေနိုင်ကြောင်း သက်သေသာဓက အထောက်အထားအားလုံးက ပြသလျက်ရှိပါသည်။

## တွန်းအားပေး

ဒါကာတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေးညီလာခံကြီး၌ ၂၀၁၅ ခုနှစ်တွင် သက်ကြီးစာမတတ်သူဦးရေကို တစ်ဝက်လျှော့ချနိုင်ရမည်ဟု အစိုးရများက ရည်ရွယ်ချက်ချမှတ်ခဲ့ပြီးနောက်ပိုင်း လွန်ခဲ့သည့် ဆယ်နှစ်ကျော်မှစ၍ နိုင်ငံရေးလုပ်ငန်းအစီအစဉ်တွင် အမျိုးသမီးများ စာတတ်မြောက်ရေးသည် အားပေးမှုခံရသော လုပ်ငန်းတစ်ရပ်ဖြစ်လာပါသည်။ ၂၀၀၃ခုနှစ်မှ ၂၀၁၂ခုနှစ်အထိကို ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်အဖြစ် သတ်မှတ်ပြီး စာမတတ်သူလျှော့ချရေးကို ပိုမိုတွန်းအားပေး ဆောင်ရွက်စေခဲ့ပါသည်။ စာမတတ်သူနှုန်း လျော့နည်းလာပြီဖြစ်သော်လည်း ခန့်မှန်းခြေအားဖြင့် လူကြီး ခြောက်ယောက်တွင် တစ်ယောက်မှာ စာမတတ်သေးကြောင်းနှင့် စာမတတ်သူ သုံးယောက်တွင် နှစ်ယောက်မှာ အမျိုးသမီးများဖြစ်နေပါသည်။

အမျိုးသမီးများ စွမ်းရည်မြင့်မားစေရေးနှင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့ရှိ မိန်းကလေးနှင့် ယောကျ်ားလေးများ လူငယ်မျိုးဆက်သစ် စာမတတ်သူများဖြစ်မလာစေရန် အရည်အသွေးမြင့် စာတတ်မြောက်ရေး အစီအစဉ်များအတွက် ရန်ပုံငွေတိုးမြှင့်ရရှိရေးနှင့် ထောက်ခံအားပေးမှု ရေရှည်တည်တံ့ခိုင်မြဲရေးကို ကမ္ဘာက လိုအပ်လျက်ရှိပါသည်။ ယနေ့ ယူနက်စကိုမှ နိုင်ငံတကာစာတတ်မြောက်ရေး ဆုများချီးမြှင့်ခဲ့သည့် ကိတ်ဗာဒီ၊ အီဂျစ်၊ ဂျာမနီနှင့် နီပေါနိုင်ငံများတွင်ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များသည် အလွန်ကောင်းမွန်ပြီး ဆန်းသစ်တီထွင်မှုရှိသော နမူနာများဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ် တစ်ခုစီသည် ကျေးလက်ပတ်ဝန်းကျင်မှသည် မြို့ပြလူ့အဖွဲ့အစည်းအထိ အခြေအနေလွန်စွာကွာခြားလှသည့် အမျိုးသမီးများ၏ လူနေမှုဘဝအပေါ်တွင် စာတတ်မြောက်ရေး၏ နက်နဲသိမ်မွေ့မှုနှင့် အပြုသဘောလွှမ်းမိုးမှုများကို လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ကြပါသည်။ အဆိုပါ လုပ်ငန်းအစီအစဉ်များကို နမူနာယူ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင်ဆောင်ရွက်ကြရန် ထိုက်တန်ပါသည်။

## ကြိုးပမ်းဆောင်ရွက်

စာတတ်မြောက်သူအမျိုးသမီးတိုင်း ဆင်းရဲခြင်းမှလွတ်မြောက်နိုင်သည်။ ယခု နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ကျွန်ုပ်အနေနှင့် အစိုးရများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို နေရာဒေသအနှံ့ရှိ အမျိုးသမီးများအနေဖြင့် စာတတ်မြောက်ရေး အခွင့်အလမ်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးပွားချမ်းသာခြင်းအတွက် စာတတ်မြောက်ရေးသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါသည်။ စာတတ်မြောက်ရေးမှတစ်ဆင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားစေခြင်းသည် ကျွန်ုပ်တို့အားလုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါသည်။

# အမျိုးသမီးများ စာတတ်မြောက်ခြင်းသည် မိခင်နှင့်ကလေး ကျန်းမာရေး ပိုမိုဆောင်ရွက်နိုင်

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်**
**ယူနက်စကိုညွှန်ကြားရေးမှူးချုပ် မစ္စစ်အီရီနာဘိုကိုဗာ၏ သဝဏ်လွှာ**
**၂၀၁၀ပြည့်နှစ်၊ စက်တင်ဘာ ၈ ရက်**

အမျိုးသမီးတစ်ယောက် စာတတ်လျှင် သူ၏ဘဝသာယာရေးအတွက် သိသာထင်ရှားစွာ ပြောင်းလဲစေနိုင်မည့် ရွေးချယ်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

## ရောင်ပြန်ဟပ်

သို့ရာတွင် ၂၁ရာစု၏ ၁၀နှစ်တာကာလတွင် ကမ္ဘာ့စာမတတ်သူ လူကြီးဦးရေ ၇၅၉သန်းရှိသည့်အနက် သုံးယောက်တွင် နှစ်ယောက်မှာ အမျိုးသမီးများဖြစ်နေပါသည်။ ဤသည်မှာ အစဉ်တည်ရှိနေသော တရားမျှတမှု မရှိခြင်းများအနက် တစ်ခုဖြစ်သည့် သည်းမခံနိုင်ဖွယ်အခြေအနေ၏ ရောင်ပြန်ဟပ်မှုတစ်ရပ်သာလျှင် ဖြစ်ပါသည်။ ပညာသင်ယူမှု အခွင့်အလမ်း မညီမျှမှု ဖြစ်ပါသည်။

မိန်းကလေးများနှင့် အမျိုးသမီးများ၏ ပညာရေးကိုပိတ်ပင်ခြင်းသည် ယဉ်ကျေးမှုဆိုင်ရာစီးပွားရေးရာ သို့မဟုတ် လူမှုရေးရာအရ ကျိုးကြောင်းပြချက် မရှိပါ။ ကမ္ဘာနှင့်အဝန်း သဘောတူညီပြီးဖြစ်သည့် ဖွံ့ဖြိုးမှုရည်မှန်းချက်များ လက်လှမ်းမီရန်အတွက် အခြေခံအခွင့်အရေးနှင့် ပကတိအနေအထားတစ်ခုဖြစ်ပါသည်။

## အဟန့်အတား

စာမတတ်ခြင်းသည် အမျိုးသမီးများကို ဘေးဖယ်ထားခြင်းဖြစ်စေပါသည်။ ထို့ပြင် အခြေခံလုပ်ပိုင်ခွင့်နှင့် အခွင့်အလမ်းများ အပြည့်အဝခံစားနိုင်ရန် အရေး၊ အဖတ်၊ အတွက် မရှိမဖြစ်လိုအပ်သော နည်းပညာအခြေပြု ကမ္ဘာလောကကြီးတွင် အလွန်အမင်းဆင်းရဲမွဲတေမှုကို လျှော့ချရန်အတွက် စာမတတ်ခြင်းသည် အဓိကအားဖြင့် အဟန့်အတားဖြစ်စေပါသည်။

ဤအကြောင်းပြချက်များအတွက် ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် အမျိုးသမီးများလုပ်ပိုင်ခွင့် အခွင့်အလမ်းကို ရရှိစေရန်ဖြစ်သည်။ စာတတ်မြောက်ခြင်းသည် အလွန်အမင်းအရေးပါသည်ဆိုသည့် ကဏ္ဍအပေါ်တွင် မီးမောင်းထိုးပြထားပါသည်။

စာတတ်မြောက်ခြင်းသည် အမျိုးသမီးများကို မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုနှင့် မိမိဘဝနှင့် အနာဂတ်ကို ထိန်းသိမ်းနိုင်မှုတို့ကို ပေးစွမ်းနိုင်ပါသည်။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ဗဟုသုတရရှိလာခြင်း၊ အိမ်ထောင်စုအတွင်းနှင့် ပိုမိုကျယ်ပြန့်သော နိုင်ငံရေးလောကတွင် မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်းကို မျှဝေပေးနိုင်ခြင်းစသည့် အခွင့်အလမ်းများ ရရှိလာနိုင်ပါသည်။ စာတတ်မြောက်လာသူ အမျိုးသမီးများအနေဖြင့် အသစ်ရရှိလာသော ဗဟုသုတ၊ ကျွမ်းကျင်မှုများသည် ၄င်းတို့အတွက် အရာရာကို ပေးစွမ်းနိုင်သည်ဆိုသော သက်သေပြချက် သာဓကများဖြစ်ပါသည်။

ယူနက်စကို၏ ပထမဆုံး အမျိုးသမီးညွှန်ကြားရေးမှူးချုပ်အဖြစ် ရွေးချယ်ခံရသူ ကျွန်မအနေဖြင့် နေရာအနှံ့ရှိ မိန်းကလေးများနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အထူးသဖြင့် ပညာရေးဖြင့် လမ်းဖွင့်ပေးမည်ဟု အလေးအနက် ကတိပေးအပ်ပါသည်။

## ပိုမိုရရှိ

အမျိုးသမီးများအနေဖြင့် တန်းတူညီမျှလုပ်ပိုင်ခွင့်နှင့် အခွင့်အလမ်းများမရရှိလျှင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို မရနိုင်သည့်အတွက် ကျား မ တန်းတူညီမျှရေးသည် ကျွန်မတို့ တစ်ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးရမည့် နည်းဗျူဟာများအနက် တစ်ခုဖြစ်ပါသည်။ အမျိုးသမီးများ စာတတ်မြောက်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြင့်မားသောအကျိုးရလဒ်ကို ရရှိနိုင်ပါသည်။ အမျိုးသမီးများ စာတတ်မြောက်ခြင်းသည် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်မြင့်မားစေခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးအတွက် ပိုမိုဦးစီးဆောင်ရွက်နိုင်ခြင်းနှင့် မိန်းကလေးများ ပညာရရှိမှုအခွင့်အလမ်း ပိုမိုရရှိလာခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် စာတတ်မြောက်လာသော အမျိုးသမီးများသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အညွှန်းကိန်းအားလုံးအပေါ်တွင် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှု အသီးအပွင့်များကို ရရှိလာမည်ဖြစ်ပါသည်။

ယခု နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေး(အထူးသဖြင့် မိန်းကလေးများနှင့် အမျိုးသမီးများ စာတတ်မြောက်ရေး)တွင် ပိုမိုအလေးထားပါဝင်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်လျက်ရှိသည့်အတွက် လူတိုင်း၏ အာရုံစူးစိုက်မှုကို ဆော်ဩစည်းရုံးရန် ရည်ရွယ်ပါသည်။ ယူနက်စကို နိုင်ငံတကာစာတတ်မြောက်ရေးဆုများသည် တစ်ဦးချင်းနှင့် ၄င်းတို့၏ ရပ်ရွာများအပေါ် ထိရောက်သည့် အကျိုးသက်ရောက်မှုကိုဖြစ်စေသည့် အစီအစဉ်များ၊ ဆောင်ရွက်ရန်စေ့ဆော်မှုများနှင့် ဆန်းသစ်တီထွင်မှုရှိသောနမူနာများကိုပေးသည်။ မည်သည့်လုပ်ငန်းများကို မည်သို့ကောင်းမွန်စွာ ဆောင်ရွက်သည်ကို ပြသသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်လွန်ပိုင်းမှစ၍ နိုင်ငံအများစု၌ ပညာရေးတွင် ကျား၊မ ကွာခြားမှု လျော့နည်းလာပြီဖြစ်သည်။ ထို့အတူ စာတတ်မြောက်ရေးတွင်လည်း ကျားမခွဲခြားမှု လျော့နည်းလာပါသည်။ သို့ရာတွင် နှေးကွေးလွန်းလှပါသည်။ ပိုမိုဆောင်ရွက်ရန် လိုပါသေးသည်။

## အရှိန်မြှင့်တင်

ယခု အချိန်အခါသမယတွင် စာတတ်မြောက်ရေးအတွက် ထောက်ပံ့ပေးမှုများကို ပိုမိုချဲ့ထွင် ဆောင်ရွက်သွားကြပါရန် ကျွန်မအနေဖြင့် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အများပြည်သူနှင့်ဆိုင်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများကို မေတ္တာရပ်ခံလိုပါသည်။ အမျိုးသမီးများ၏ စာတတ်မြောက်ရေးကို အဓိကထားပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်ဟု ကျွန်မယုံကြည်ပါသည်။ လွန်ခဲ့သည့်လများက ကုလသမဂ္ဂအမျိုးသမီးများ၏ ဖန်တီးမှုဖြင့် ကျား၊မ တန်းတူညီမျှရေးအတွက် အရှိန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုတစ်ခုကို ကျွန်မတို့ တွေ့မြင်ခဲ့ကြရပါသည်။

စာတတ်မြောက်ခြင်းသည် အမျိုးသမီးများကို ယင်းတို့၏ မိသားစုအတွင်းတွင်လည်းကောင်း၊ နိုင်ငံရေးလောကနှင့် ကမ္ဘာ့စင်မြင့်ပေါ်တွင်လည်းကောင်း ပြောရေးဆိုခွင့်ပေးပါသည်။ ဤသည်မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ကျယ်ပြန့်သော ကြီးပွားချမ်းသာခြင်းအတွက် ပထမခြေလှမ်းဖြစ်ပါသည်။ အမျိုးသမီးများ စာတတ်လာလျှင် လူ့အဖွဲ့အစည်းအနေနှင့် ပြီးပြည့်စုံသော အကျိုးအမြတ်များ ရရှိလာမည်ဖြစ်ပါသည်။ **အီရီနာဘိုကိုဗာ**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃၇၂ခုနှစ် ဝါခေါင်လကွယ်နေ့**
**(ဥပုသ်နေ့)**
**၈-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညိုမင်း၊ (တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအကက
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၈။ **ရှင်နှောင်း ကျောင်းရောက်ပြီ**
- ၈း၃၀ ၉။ သီချင်းကြီးပဒေသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Islands of Dhamma (1)
- ၈း၅၀ ၁၂။ ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ စစ်ကိုင်းစာသင်တိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် **ဖွဲကပင်ယူနိုက်တက် အသင်းနှင့် မနောမြေအသင်း**
- ၄း၄၀ ၂။ တေးဂီတအစီအစဉ်
- ၄း၅၅ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက်မွေစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက-၄၊ တာမွေ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၅း၂၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၃၀ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၄၀ ၆။ **လေးကျွန်းမာရ်အောင်စေတီတော်ကြီး**
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၄၀ ၁၀။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၅ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇း၄၅ ၁၂။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ငါတို့ခွန်အား (မျိုးကြီး၊ တေးရေး-လင်းလင်း)
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၅)
- ၁၈။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ **တော်ဝင်ရုပ်စုံ** (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)
- ၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၀။ အစီအစဉ်ပြီး၏။


သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး


# ကျေးရွာပိုင်သစ်တောစိုက်ခင်း လွှဲပြောင်းပေးအပ်ပွဲ ဟင်္သာတ၌ကျင်းပ

**ဟင်္သာတ စက်တင်ဘာ ၇**

ဟင်္သာတမြို့နယ် သစ်တောဦးစီးဌာနမှ ကျေးရွာပိုင် သစ်တောစိုက်ခင်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## လွှဲပြောင်းပေး

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်က သစ်တောများ စိုက်ပျိုးရခြင်းအကြောင်းနှင့် ကျေးလက်ပြည်သူများနှင့် ပူးပေါင်းပြီး မိုးရာသီ ကျေးရွာသစ်တောစိုက်ခင်း ၁၀ဧကတွင် အပင်ပေါင်း ၁၂၀၀၀ခန့် စိုက်ပျိုးခဲ့ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာပိုင် သစ်တောစိုက်ခင်းကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံယူကြသည်။

(ယာပုံ) (၁၇၇)





**ကြည့်ရှုစစ်ဆေး** ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စံပြစိုက်ပျိုးရေးအထူးဇုန်(၁)၌ စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ပြေးခုန်ပစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စံပြစိုက်ပျိုးရေးအထူးဇုန်သို့ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ စံပြ စိုက်ပျိုးရေးအထူးဇုန်အတွင်း ကုမ္ပဏီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စံပြစိုက်ပျိုးရေးအထူးဇုန်(၁)နှင့် အထူးဇုန်(၂)တို့သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများနှင့် အထူးဇုန်(၁)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အထူးဇုန်(၂)စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်တင်ငွေသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စံပြစိုက်ပျိုးရေးအထူးဇုန်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# အလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း အထောက်အကူပြု

နေပြည်တော် စက်တင်ဘာ ၇

**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမားကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

**မှာကြား**

ရှေးဦးစွာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းများအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အလုပ်သမားကျွမ်းကျင်မှု သင်တန်းများကို လုပ်ငန်းခွင်လိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ် ဖွင့်လှစ်သွားရန် လိုအပ်ကြောင်း၊ အလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် အာဆီယံဒေသအတွင်း အလုပ်သမားဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမည်ဖြစ်ကြောင်း၊ထို့ကြောင့် ကြီးကြပ်ရေးမှူးသင်တန်း၊ ညွှန်ကြားပြသမှုနည်းစနစ်သင်တန်း၊ လုပ်ငန်းကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးရေးသင်တန်း၊ အခြေခံဂဟေဆက်၊ တွင်ခုံဖောက်ခုံ၊ လျှပ်စစ်၊ Auto CAD၊ ကွန်ပျူတာ၊ ပိုက်ဆက်စသည့် လုပ်ငန်းခွင် အကြိုသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး၊ ပုဂ္ဂလိကစက်မှုဇုန်များနှင့် ကုမ္ပဏီများ၏ လိုအပ်ချက်အရသင်တန်းများ ပို့ချနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို မှာကြားသည်။

**မှာကြား**

ထို့နောက် ဝန်ကြီးသည် အလုပ်သမားကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းမှဖွင့်လှစ်လျက်ရှိသော သင်တန်းများနှင့် လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကာ**(အပေါ်ယာပုံ)** လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သံအမတ်ကြီး ဦးပေါ်လွင်စိန် ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်ထံ သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၈**

ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၀ခုနှစ် ဩဂုတ် ၂၆ရက်တွင် ကင်ဘာရာမြို့၌ ဩစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်ဘရိုက်စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်းအား မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၇**

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဟိအဲအို ဝါတာနာဘေး ဦးဆောင်သော လွှတ်တော်အမတ် ငါးဦးတို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် နည်းပညာအကူအညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်ကတ္တရာလမ်းအဆင့်တိုးမြှင့် အတက်အဆင်းပြေပြစ်ရန် ဦးစားပေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၆ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၁၁/၁)နှင့် (၁၁/၂)အကြား စက်ယန္တရားဖြင့် လမ်းချဲ့နေသည့် လုပ်ငန်းခွင်၌ အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးမြင့်အောင်က စက်ယန္တရားများဖြင့် အပိုင်းလိုက် လမ်းချဲ့ခြင်း၊ မြေဖြတ်ခြင်းနှင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။**

**ဦးစားပေး**

ထို့နောက် ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်ကို ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်သွားရန် လမ်းအထူးအဖွဲ့တစ်ဖွဲ့၊ ခရိုင်အဖွဲ့နှစ်ဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ရှစ်ဖွဲ့ စုစုပေါင်း ၁၁ဖွဲ့ဖြင့် တာဝန်ပေး ဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်၊ လမ်းချဲ့ခြင်း၊ မြေဖြတ်ခြင်းနှင့် လမ်းခင်းကြိတ်ခြင်းလုပ်ငန်းများကိုတစ်ပြိုင်တည်းနေ့/ည ဆောင်ရွက်သွားရန်၊ ကားလမ်းသစ်အား ကျယ်ရန်၊ ဖြောင့်ရန်နှင့် အတက်အဆင်းပြေပြစ်ရန်တို့ကို ဦးစားပေးဆောင်ရွက်သွားရန် မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ မိုင်တိုင်အမှတ် ၉/၃နှင့် ၉/၄အကြား မြေထိန်းနံရံတည်ဆောက်နေမှုနှင့် လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် ၉/၀နှင့် ၉/၁အကြား အတက်အဆင်း မတ်စောက်သည့်တောင်ကြောများ ဖြတ်ထုတ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် ၅/၀နှင့် ၅/၁အကြားသို့ ရောက်ရှိရာ ဝန်ကြီးက လမ်းနယ်နှင့် မလွတ်ကင်းသော ဓာတ်တိုင်များ ရွှေ့ပြောင်းရေးတို့ကို သက်ဆိုင်ရာဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအားမှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သွေးသည် အသက်**



# CENSTAR Fuel Dispenser & Petroleum Equipment မိတ်ဆက်ရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၇**

တရုတ်နိုင်ငံ၏ Top Brand စာရင်းဝင် CENSTAR အမှတ်တံဆိပ် Fuel Dispenser & Petroleum Equipment များ မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၂၉ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် PSH Petroleum Equipment မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းသန့်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြသည်။ ထို့နောက် CENSTAR Science & Technology Co., Ltd. ၏ Vice General Manager Mr. Yu Wei က CENSTAR Company နှင့် Fuel Dispenser အကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် PSH Petroleum Equipment မှ Marketing Manager ဦးကျော်ကျော်ဌေးက CENSTAR Fuel Dispenser & Petroleum Equipment များနှင့် တွဲဖက်အသုံးပြုနိုင်သည့် Station Management Software System ရရှိနိုင်ကြောင်းကို လည်းကောင်း၊ အင်ဂျင်နီယာ Mr. Tony Chen က Petrol Station Management Software ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ CENSTAR PRODUCTS များသည် Petroleum ဆိုင်ရာ ISO လက်မှတ်များနှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များကို ရရှိထားပြီး တရုတ်နိုင်ငံတွင် စစ်ဆေးမှုကင်းလွတ်ခွင့်လက်မှတ်ကို ရရှိထားသည်။

CENSTAR Fuel Dispenser များသည်ဈေးနှုန်းချိုသာပြီး စဉ်ဆက်မပြတ်သုံးပါက တစ်ကြိမ်လျှင် ၉၉၉၉လီတာ သို့မဟုတ် ဂါလန်ထည့်နိုင်ပြီး တစ်နေ့လျှင် အကြိမ်တစ်သိန်းအထိ အသုံးပြုနိုင်သည်။ Normal Dispenser များတွင် Flowrate တစ်မိနစ်လျှင် ၅၀လီတာ သို့မဟုတ် ဂါလန်ဖြည့်နိုင်ပြီး Heavy Duty Dispenser များတွင် တစ်မိနစ်လျှင် ၄၅၀လီတာ သို့မဟုတ် ဂါလန်ဖြည့်နိုင်သည်။ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် အောက်တိန်းဆီများ အသုံးပြုနိုင်သည့် Dispenser များဖြစ်သည်။

လုပ်ငန်းရှင်များအနေဖြင့် Petrol Station Management Software ကို အသုံးပြုခြင်းဖြင့် Customer များမှ Difference Payment Method ဖြင့် စိတ်ကြိုက်ဝယ်ယူနိုင်ပြီး Credit Account များ၊ Prepaid Member များဖြင့် ဝယ်ယူနိုင်သည်။ နေ့စဉ်၊ အပတ်စဉ်နှင့် နှစ်အလိုက် ကြည့်ရှုနိုင်ပြီး ဆီအဝင်အထွက်နှင့် ဆီလက်ကျန်အခြေအနေနှင့် ဆီသန့်စင်မှုကို ကြည့်ရှုစစ်ဆေးနိုင်သည်။

**ဆက်သွယ်ဝယ်ယူ**

CENSTAR Fuel Dispenser များကို PSH Petroleum Equipment အမှတ် (၁၆၀) ၁၀လမ်း သီရိမွန်ရိပ်သာ ဘုရင့်နောင်လမ်းဆုံ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၇၂၉၈၉၊ ၀၉-၈၀၂၀၉၂၂၊ ၀၉-၈၆၁၀၉၅၄ တို့တွင် ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက် မွန်းလွဲပိုင်းက ဧရာဝတီရေတပ်စခန်း ဌာနချုပ်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

**ဆွတ်ခူးရရှိ**

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုအား တနင်္သာရီ ရေတပ်စခန်းဌာနချုပ်အသင်းက ဆွတ်ခူးရရှိခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် တနင်္သာရီရေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# လူသားစွမ်းရည်မြင့်မားဖို့ စာတတ်မြောက်ရေးအားပေးစို့

သိမ့် (စီးပွားရေးတက္ကသိုလ်)

မျက်မှောက်ကာလ လူ့ဘောင်အဖွဲ့အစည်း၏ အဓိက ရည်မှန်းချက်ဖြစ်သည့် **"ဖွံ့ဖြိုးတိုးတက်မှု"** အတွက် မရှိမဖြစ်လိုအပ်သော အင်အားစုများမှာ သဘာဝ သယံဇာတအင်အားစု၊ လူအင်အားစုနှင့် လူဖန်တီးသော အင်အားစုများ ဖြစ်ကြပါသည်။ ခေတ်စနစ်များမည်မျှ ပြောင်းလဲစေကာမူ သဘာဝသယံဇာတနှင့် လူဖန်တီးသော အရင်းအနှီးများ ကြွယ်ဝမှုထက် လူအင်အားစုများသည်သာလျှင် ပဓာနအကျဆုံးဖြစ်ပါသည်။ သို့ပါ၍ လူအင်အားစုများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်မြင့်မားရေးနှင့် အခြေခံလိုအပ်ချက်များ ပြည့်စုံရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အစဉ်အလေးပေး ပျိုးထောင်လျက်ရှိပေသည်။ စာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေးသည် လူအင်အားစုဖွံ့ဖြိုးမှုအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပြီး ထိုမှတစ်ဆင့် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ပြီး ဖွံ့ဖြိုးမှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်မှာ ဧကန်ပင် ဖြစ်ပေသည်။

၂၁ရာစုဦးပိုင်းတွင် ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ်မီဒီယာတို့ အားပြိုင်ခဲ့သည်ဟု ဆိုနိုင်သော်လည်း **"စာပေ"** သည် အရေးကြီးသော လူထုအကျိုးပြု ဆက်သွယ်ရေးနည်းပညာအဖြစ် ယနေ့တိုင် ရပ်တည်နေဆဲပင်ဖြစ်သည်။ စာတတ်မြောက်ခြင်းစွမ်းအားသည် မိမိကိုယ်မိမိ ယုံကြည်တန်ဖိုးထားလာကာ လူမှုဆက်ဆံရေး တိုးတက်ကောင်းမွန်စေပြီး လူ့ဝန်းကျင်အပေါ် များစွာလွှမ်းမိုးမှု ရှိပါသည်။ ထိုမျှသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မှန်ကန်သော အသိအမြင်ဗဟုသုတများ ဖြစ်တည်စေခြင်း၊ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွက် ကောင်းစွာအကျိုးပြုစွမ်းဆောင်နိုင်ခြင်းမှတစ်ဆင့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာအစစ်အမှန်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

၂၀၀၃ခုနှစ်မှစတင်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ၏ စာတတ်မြောက်ရေးဆယ်စုနှစ်သည် ယခုအခါ ခရီးတစ်ဝက်ကျော်သို့ပင် ရောက်ရှိနေပြီဖြစ်သော်လည်း အသက်၁၅နှစ်အထက် လူငယ်အချို့တွင် သတင်းစာနှင့် အခြေခံလိုအပ်သော စာပေများ၊ ဆေးပုလင်းပေါ်ရှိ ညွှန်ကြားချက်များ မဖတ်တတ်သူများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအသိအမြင်မျှပင် မရှိသေးသူအချို့ ကျန်ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင် ရုပ်ဝတ္ထုကိရိယာများ တိုးတက်ဖြစ်ထွန်းလင့်ကစား အရွယ်ရောက်ပြီး စာမတတ်မြောက်သေးသူများ၊ ကျောင်းနေရန်အခွင့်အလမ်းမရရှိသူများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံဗဟုသုတပင် မပြည့်စုံသူများရှိနေလျှင် လူတစ်စု၊ နိုင်ငံတစ်နိုင်ငံအတွက်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဖွံ့ဖြိုးမှုကိုပါ ခြောက်လှန့်နေမည်ဖြစ်ပေသည်။ အခြေခံစာတတ်မြောက်မှု မရှိခဲ့သဖြင့် ကျန်းမာရေးချို့တဲ့မှု၊ ကူးစက်ရောဂါဖြစ်ပွားမှု၊ လူမှုရေးနှင့် စီးပွားရေး အထွေထွေပျက်ပြားမှု၊ အသက်ဆုံးရှုံးမှုများအထိ ဝမ်းနည်းကြေကွဲဖွယ် ကြုံတွေ့ခဲ့ကြရသည်။ သို့ဆိုလျှင် ပြည်သူ့ကျန်းမာရေးမူဝါဒနှင့် နည်းဗျူဟာတွင်လည်း **"စာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေး"** ကို ဗဟိုချက်မအဖြစ်ထားမှသာ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းနိုင်ပြီး ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပြည့်ဝစေရန် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

UNESCO အဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခြေခံစာတတ်မြောက်ရေးအတွက် မူဝါဒများ၊ စီမံချက်နှင့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ၁၉၉၀ခုနှစ် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့စာတတ်မြောက်ရေးဆိုင်ရာ ညီလာခံကြီးက **"လူတိုင်းအတွက်ပညာရေး"** ဟူသော ပေါ်လစီကို ချမှတ်ခဲ့ပါသည်။ ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း ခြောက်နှစ်ဆက်တိုက်ကျင်းပသော အဆင့်မြင့်ဒေသတွင်း စည်းဝေးပွဲများနှင့် ၂၀၀၈ခုနှစ် မေလက ဘရာဇီးလ်နိုင်ငံ ဘီလမ်မြို့တွင် ကျင်းပခဲ့သော (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးပညာရေး ညီလာခံတို့ကလည်း ကမ္ဘာ့လူထု စာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်မှုအရှိန်အဟုန် မြင့်မားစေခဲ့ပါသည်။

မြန်မာတို့သည် အစဉ်ရာဖွေလေ့လာ သင်ယူနေသော လူမျိုးများဖြစ်ပြီး **"ပညာသမာ အာဘာနတ္ထိ"**၊ **"ပညာနှင့်တူသော အလင်းရောင်မရှိ"** ဟု ခံယူထားသူများလည်း ဖြစ်ပေသည်။ နိုင်ငံတကာတွင် စာတတ်မြောက်ရေး လုပ်ငန်းစဉ်များကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင်လည်း စာတတ်မြောက်ခြင်းနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် အစဉ်တစိုက် အလေးပေးဖော်ဆောင်လျက် ရှိပေသည်။

မြန်မာနိုင်ငံသည် ၁၈၈၆ခုနှစ် မတိုင်မီက စာတတ်မြောက်မှုနှုန်း ၈၅ရာခိုင်နှုန်း ရှိခဲ့ရာမှ နယ်ချဲ့လက်အောက်သို့ကျွန်ဘဝကို ရောက်ခဲ့ပြီးနောက် ကိုလိုနီစနစ်၏ အမွေဆိုးအဖြစ် "စာမတတ်မြောက်မှု" ကို ရရှိခဲ့ပေသည်။ လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံလူဦးရေ ၁၇သန်းအနက် ၁၁သန်းမှာ စာမတတ်သူများဖြစ်ကြောင်း ရင်နင့်ဖွယ်မှတ်သားရပါသည်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာတတ်မြောက်ရေး ကြိုးပမ်းမှုများကို ၁၉၄၈မှ ၁၉၆၄၊ ၁၉၆၄မှ ၁၉၈၈၊ ၁၉၈၈ခုနှစ်မှ ယခုမျက်မှောက်ကာလအထိ ကာလသုံးခုပိုင်းခြားကာ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်း ၃၅ရာခိုင်နှုန်းဖြစ်ပြီး ၁၉၆၃ခုနှစ်တွင် ၅၇ရာခိုင်နှုန်းရှိခဲ့ရာ ၁၅နှစ်တာကာလအတွင်း ၂၂ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

၁၉၉၀ပြည့်နှစ်တွင် စာတတ်မြောက်ရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီး၏ ပညာရေးပေါ်လစီအရ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှု တတိယကာလအဖြစ် လုပ်ငန်းစဉ်များကို တစ်ဆင့်တိုးမြှင့်ကာ **"လူတိုင်းအတွက်ပညာရေး"** ဦးတည်ချက်ဖြင့် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးဟူ၍ အစီအစဉ် (၂)ရပ် ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။ကျောင်းပြင်ပပညာရေးသည် အသုံးလုံးကျေသင်တန်းနေရာတွင် အစားထိုး ဝင်ရောက်လာသော နည်းပညာလုပ်ထုံးလုပ်နည်းအသစ်ဖြစ်ပြီး အနှစ်သာရတစ်မူထူးခြားကြောင်း တွေ့ရှိရပါသည်။ ကျောင်းပြင်ပ ပညာရေးသည် စာတတ်ပြီးစ ပုဂ္ဂိုလ်များ စာတတ်မြောက်ရုံဖြင့် ရပ်တန့်မသွားဘဲ စာဖတ်ရှိန်မြှင့်တင်ရေး၊ အနာဂတ်ဦးတည်ရေး၊ ဘဝသာယာရေး၊ ကျောင်းတွင်းပညာရေး၊ တန်းညှိရေး၊ ဘုန်းတော်ကြီးကျောင်း ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိပါသည်။ စာတတ်ပြီးသူများ စဉ်ဆက်မပြတ် စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနကလည်း ကျေးရွာစာကြည့်တိုက်များကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖွင့်လှစ်ပံ့ပိုးလျက်ရှိပါသည်။ ရှေ့ဆက်မည့်လုပ်ငန်းအစီအစဉ်များကို **"စဉ်ဆက်မပြတ်ပညာရေး"** ဟုခေါ်ပြီး လုပ်ငန်းစဉ် ပြဆိုချက်များကို UNESCO အဖွဲ့မှ ပညာရှင်များက ဖော်ပြခဲ့ပါသည်။

၁၉၉၆ခုနှစ်မှစတင်၍ **"လူတိုင်းအတွက် ပညာရေး စီမံကိန်း"** ရေးဆွဲချမှတ်ကာ ၂၀၀၁ခုနှစ်မှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၄ခုနှစ်မှ စတင်၍ ဒေသစီမံချက်များ၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအတွက် နည်းပြသင်တန်းကို သက်ဆိုင်ရာဒေသသို့ ပို့ချခြင်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ခုနှစ်တွင် စာတတ်မြောက်ရေးလုပ်ငန်းကို အခြေခံပညာဦးစီးဌာနအလိုက် ဆောင်ရွက်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဦးစီးဌာနများ၊ ဆရာ ဆရာမများသာမက ပညာရေးကောလိပ်သင်တန်းသားများနှင့် စေတနာရှင်လုပ်အားပေးများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် အားသွန်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စာမတတ်သူကျဆင်းရေးကို မြန်မာ့အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အမျိုးသားပညာရည် မြင့်မားရေးနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့စာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေး ကြိုးပမ်းမှုများတွင် UNESCO နှင့် UNICEF အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ NGO များ၊ ပုဂ္ဂလိကစေတနာရှင်များက ဝိုင်းဝန်းပံ့ပိုးခဲ့ကြပါသည်။ လူသားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် သက်ကြီးစာတတ်မြောက်နှုန်း၊ ကျောင်းနေအရွယ် ကျောင်းအပ်နှံမှုနှုန်း၊ ဆရာ၊ ကျောင်းသားအချိုးတို့သည် အရေးအကြီးဆုံးသော ဖွံ့ဖြိုးမှုညွှန်ကိန်းများအဖြစ် ရပ်တည်လျက်ရှိရာ အခြေခံစာတတ်မြောက်ရေးအတွက် ပြည်နယ်၊ တိုင်းဒေသကြီးလုံးကျွတ်စီမံကိန်းများ၊ ကောက်သင်းကောက်စာတတ်မြောက်ရေး လုပ်ငန်းစီမံချက်များ၊ နွေရာသီ "အ" သုံးလုံးသင်တန်းများဖြင့် အကောင်အထည်ဖော်ခဲ့သည်။



ယခုအခါ ပညာရေးဝန်ကြီးဌာနက ကျောင်းပြင်ပပညာရေးစီမံကိန်းအတွက် Focal Institution လုပ်ငန်း ပင်မဌာနကိုထားရှိပြီး ကျောင်းပြင်ပ ပညာရေးဦးစီးကော်မတီများလည်းဖွဲ့စည်းကာ ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် အကောင်အထည် ဖော်ဆောင်မည်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေး၊ စာဖတ်ရှိန်မြင့်မားရေး၊ အသိအမြင်မြင့်မားမှန်ကန်ရေးမှသည် ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် အရည်အသွေးပြည့် ကြိုးပမ်းစွမ်းဆောင်မည့် လူ့စွမ်းအားစုများ ပေါ်ထွန်းရေးအတွက် အခြေခံကောင်းများကို တပ်မတော်အစိုးရလက်ထက်တွင် အမြော်အမြင်ကြီးမားစွာ တည်ဆောက်ထားရှိခြင်းပင် ဖြစ်ပေသည်။

သို့ပါ၍ ၁၉၆၄မှ ၁၉၈၈ခုနှစ်အတွင်း သက်ကြီးစာမတတ်သူ နှစ်သန်း လေးသိန်းကျော် စာတတ်မြောက်ခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၇၁ခုနှစ် စက်တင်ဘာ ၈ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ယူနက်စကိုအဖွဲ့မှ ချီးမြှင့်သည့် "မိုဟာမက်ရီဇာ ပါလာဗီ" ဆုနှင့် ၁၉၈၃ခုနှစ် စက်တင်ဘာ ၈ရက်တွင် ယူနက်စကိုအဖွဲ့ချုပ်မှ ချီးမြှင့်သော "နိုမာ" ဆုတို့ကို ရရှိခဲ့ပါသည်။ ၁၉၈၈ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းမှာ ၈၀ဒသမ ၀၄ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၀ပြည့်နှစ်တွင် ၉၁ရာခိုင်နှုန်း၊၂၀၀၇ခုနှစ်တွင်၉၄ဒသမ ၇၅ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၀၈ခုနှစ်တွင် ၉၄ဒသမ ၈၃ရာခိုင်နှုန်း သို့လည်းကောင်း၊ ၂၀၀၉ခုနှစ်တွင် ၉၄ဒသမ ၈၉ရာခိုင်နှုန်းသို့လည်းကောင်း တိုးတက်မြင့်မားလာခဲ့ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပညာရေးကိုအခြေခံမည့် အနာဂတ်လူ့အဖွဲ့အစည်းအတွက် အခြေခံအဆင့် စာတတ်မြောက်သူများစွာ ဖြစ်တည်လာခဲ့သည်ကို နှစ်ထောင်းအားရဖွယ်အတိဖြစ်ပေသည်။

၂၀၀၈ ခုနှစ်၌ ရပ်ရွာပညာပဒေသာ ဌာနပေါင်း ၂၀၀၆ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၂၅၇၄ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျောင်းပညာရေးအနေဖြင့် ကျောင်းနေအရွယ်ကလေးများ (အသက် ၅နှစ်မှ ၉နှစ်အထိ) အားလုံးကျောင်းနေရေး၊ မူလတန်းပညာပြီးဆုံးသည်အထိ သင်ယူမှုပြီးမြောက်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍ အသက်ငါးနှစ်ပြည့် ကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ရာခိုင်နှုန်း ၉၀သာရှိခဲ့ရာမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ၉၈ဒသမ ၀၁ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ၉၈ဒသမ ၁၃ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ၉၈ဒသမ ၂၅ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်မြင့်မားလာခဲ့ပြီ ဖြစ်ပါသည်။

နယ်စပ်ဒေသ "အ" သုံးလုံး လုပ်ငန်းစီမံကိန်းကိုလည်း ၁၉၉၆ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပေရာ မငြိမ်းချမ်းသော နယ်စပ်ဒေသများ ငြိမ်းချမ်းမှုရပြီး ပညာရေးဖွံ့ဖြိုးမှု၊ ကျန်းမာရေးအဆင့်မြင့်မားမှုမှတစ်ဆင့် စီးပွားရေး၊ လူမှုရေး အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့်များကို မြင်တွေ့နေရပြီ မဟုတ်ပါလော။

၁၉၆၅ခုနှစ် စက်တင်ဘာ ၈ရက်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်ကိုအစွဲပြု၍ ၁၉၆၆ခုနှစ် ယူနက်စကို ညီလာခံကြီးက စက်တင်ဘာလ ၈ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဟု သတ်မှတ်ခဲ့ရာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်ကျင်းပလျက်ရှိပေသည်။ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်များကိုလည်း UNESCO မှ နှစ်စဉ်သတ်မှတ်ပြီး **"ရှင်လန်းကျန်းမာချမ်းမြေ့ဖို့၊ စာတတ်မြောက်ရေးကြိုးပမ်းစို့"**၊ **"စာတတ်မြောက်ရေးဝိုင်းကူပေး၊ အကောင်းဆုံးကုသရေး"**၊ **"အစဉ်လေ့လာသင်ယူနေသည့်လူ့ဘောင်အဖွဲ့အစည်း ပေါ်ထွန်းလာရေး"** စသည့်ဆောင်ပုဒ်များ သတ်မှတ်ပြီး **"လူသားစွမ်းရည်မြင့်မားဖို့၊ စာတတ်မြောက်ရေးအားပေးစို့"** ကြွေးကြော်သံများ ကြွေးကြော်ကာ ၂၀၀၉-၂၀၁၀ခုနှစ် စာတတ်မြောက်ရေးနေ့အာဘော်ကို "LITERACY & EMPOWERMENT" **"စာတတ်မြောက်မှုနှင့် ဘဝကို စီမံဖွံ့ဖြိုးနိုင်စွမ်းရှိမှု"** ဟု ဖော်ပြထားရှိပါသည်။

မျက်မှောက်ကာလ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို နည်းပညာစွမ်းအားဖြင့် ပြည့်စုံစေရန် နိုင်ငံတော်မှ ဖြည့်ဆည်းလျက်ရှိရာ နယ်ပယ်ကဏ္ဍစုံ အသိပညာရှင် အတတ်ပညာရှင်ပေါ်ထွန်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတို့အတွက် အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်စေခဲ့ပါသည်။ အမျိုးသားပညာရည်အဆင့်အတန်းကို နိုင်ငံတကာနှင့် ယှဉ်တွဲမြှင့်တင်ရန်အတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်း မျှတစေရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ကွန်ရက်စနစ်များအပါအဝင် ပညာရေးအခြေခံကောင်းများ ဖြည့်ဆည်းခဲ့ပါသည်။ ပြည်သူများ၌ ပညာရည်မြင့်မားသည့် အခြေခံကောင်းများ စွဲမြဲစေပြီး ပညာရည်မြင့်မားမှု၊ နည်းပညာ၊ အသိပညာ၊ အတတ်ပညာပြည့်စုံမှု၊ အမျိုးသားရေးစွမ်းအားအခြေခံကောင်းများ ဖြစ်တည်စေခဲ့ခြင်းကြောင့် ရာစုနှစ်၏ စိန်ခေါ်မှုများကို အန်တုရင်ဆိုင်နိုင်တော့မည်ဟုပင် ရဲရဲကြီးဆိုချင်ပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိ၏နိုင်ငံ ရေမြေ၊ သဘာဝ၊ ဓလေ့ထုံးစံများနှင့် ကိုက်ညီသောမူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်းများ ချမှတ်၍ ကြိုးပမ်းလျက်ရှိကြပါသည်။ လူသားထုတစ်ရပ်လုံး စွမ်းရည်မြင့်မားထက်မြက်ကာ သယံဇာတများကို စနစ်တကျဖော်ထုတ်မည့် စွမ်းဆောင်ရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် ပေါ်ထွန်းရေးတို့ကိုလည်း အားသွန်ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။

သို့ပါ၍ စာတတ်မြောက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးသည် ဖွံ့ဖြိုးမှုပန်းတိုင်အတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ပေရာ ဖွံ့ဖြိုးမှုနိုင်ငံတော်သစ်သို့ ရောက်ရှိစေရန် ပညာရေးကို အဓိကမဏ္ဍိုင်ပြု၍ ဆက်လက်ကြိုးပမ်း တည်ဆောက်ကြဦးမည် ဖြစ်ပါကြောင်း တိုက်တွန်းလျက် ၂၀၁၀ ခုနှစ် စက်တင်ဘာ ၈ရက်နေ့တွင်ကျရောက်သည့် **"နိုင်ငံတကာစာတတ်မြောက်ရေးနေ့"** ကို ဂုဏ်ပြုလိုက်ရပေသည်။ ။



ပြင်စာ - ကဗြူး - ရဲရွာလမ်း ဖောက်လုပ်ရေးစီမံကိန်းရုံးကို တွေ့ရစဉ်။

**ပြင်စာ-ကဗြူးလမ်း ဖောက်လုပ်ပြီးစီးပါက လမ်းဘေးဝဲယာ တစ်လျှောက် ကျေးရွာများနှင့် ဝန်းကျင်ဒေသတစ်ခုလုံး ဖွံ့ဖြိုး တိုးတက်လာပေတော့မည်။ ရဲရွာရေအားလျှပ်စစ်ကို အထောက် အကူပြုမည့် လမ်းကြောင်းသစ်အဖြစ် တိုးတက်ဖြစ်ပေါ်လာတော့ မည်။ ထို့အပြင် ရတနာပုံမြို့သစ်သို့ မန္တလေးမြို့ကို မဖြတ်ရဘဲ ကျောက်ဆည်မြို့မှ တိုက်ရိုက်သွားလာနိုင်တော့မည်။ လမ်းကွန်ရက် ချိတ်ဆက်နိုင်မှုက တစ်နိုင်ငံလုံးအနှံ့ ဖြစ်နေပေပြီ။**

*○ ကျော်ဖုံးမှ*

### မြေသားလမ်း

မှိုင်းညို့ပြီး မြူနှင်းများ ဝေနေသော ရှမ်းတောင်တန်းများအကြား ဖြတ်သန်း ဖောက်လုပ်ထားသော ကားလမ်းဖြစ်သည်။ အချို့နေရာများက ကျောက်များခင်းထားပြီး ဖြစ်သလို အချို့နေရာများကား မြေသားလမ်း ပြီးစီးမှုအနေအထားများကို မြင်တွေ့ရသည်။ စက်ယန္တရားအင်အားနှင့် လူအင်အားတို့ ပေါင်းစပ်ကာ ကားလမ်းဖြစ်ပေါ်လာစေရန် ကြိုးစားနေမှုလုပ်ငန်းခွင်များကို မပြတ်တမ်း မြင်တွေ့ခဲ့ရသည်။ ပြင်စာ- ကဗြူးလမ်း



**တံတားလုပ်ငန်း**

**ရဲရွာ-ကဗြူး-ရွှေချောင်း-ဖောင်းတော လမ်းပိုင်း၌ ကျောက်ခင်းနေမှုနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဤသို့မြင်တွေ့ရသည်။**

အရှည်မှာ ၁၇မိုင် ၁ဖာလုံဖြစ်ပြီး အချို့နေရာများ၌ မြေသားလမ်းအကျယ် ၁၂ပေ ရှိကာ အချို့နေရာများတွင် မြေသားလမ်း အကျယ် ၁၈ပေအထိ ရှိနေသည်။

### အန္တရာယ်များ

ပြင်စာ-ကဗြူးလမ်းကား မူလလမ်းမှာ မြေသားလမ်းဖြစ်သည်။ မူလလမ်း၏ မိုင်တိုင် ၀/၀ မှ မိုင်တိုင်အမှတ် ၁၄/၀ အတွင်း အကွေ့ပေါင်း ၁၉ ကွေ့ရှိသည်။ အန္တရာယ်များသည်။ မိုင် ၁၆/၁ မိုင်မှ ၁၆-၀/၁၆ အထိ တောင်တက်လမ်းများနှင့် တောင်ဆင်းလမ်းများဖြစ်ရာ အန္တရာယ်များသော တောင်ဆင်းလမ်းအကွေ့ သုံးကွေ့ တည်ရှိနေသည်။ အတက်အဆင်းမတ်စောက်လွန်းသဖြင့် မော်တော်ယာဉ်များ သွားလာရန် ခက်ခဲသည့် အနေအထားဖြစ်နေသည်။ မြင်တွေ့ရသည်နှင့်ပင် စိုးရိမ်ထိတ်လန့်စရာ ကောင်းနေသည်။ တစ်ဖန် မူလလမ်း၏ မိုင် ၁၇/၀ မှ မိုင် ၁၇/၆ အထိ ချောင်းကမ်းပါးဘေးမှ ဖောက်လုပ်ထားရာ မိုးရာသီတွင် တောင်ကျရေများ၊ မိုးရေများကြောင့် ချောင်းရေလျှံပြီး လမ်းပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ မော်တော်ယာဉ်သွားလာမောင်းနှင်မှု မရှိသလောက်ဖြစ်ခဲ့သည်။

### ကွင်းဆင်းတိုင်းတာ

"ထိုအန္တရာယ်များမှ ကင်းဝေးစေရန် ပြင်စာ-ကဗြူးလမ်းမိုင်တိုင် ၉/၆မှ ၁၇/၆ အတွင်းရှိ အန္တရာယ်များသော အကွေ့များကို ရှောင်ကွင်းကာ ရှောင်ကွင်းလမ်းကြောင်းသစ်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) လမ်းပုံထုတ်အဖွဲ့က ကွင်းဆင်းတိုင်းတာ ရွေးချယ်ခဲ့ကြောင်း၊ ပြင်ဦးလွင်ခရိုင် ဆောက်လုပ်ရေးလုပ်ငန်းက လမ်းကြောင်းသစ် ဖောက်လုပ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း" ပြင်ဦးလွင်ခရိုင် ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဒေါ်အေးအေးမော်က ရှင်းပြခဲ့သည်ကို ကြားယောင်မိသည်။ အန္တရာယ် အကွေ့များကို ရှောင်ကွင်းဖောက်လုပ်ထားသည့် လမ်းအရှည်မှာ ၇မိုင် ၃ဖာလုံရှိရာ မြေသားလမ်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြင်တွေ့ရသည်။

### ဖြတ်သန်းဖောက်လုပ်

ပြင်စာ-ကဗြူးလမ်းတွင် မြေပုံရွာ၊ ရွှေချောင်းရွာ၊ လိပ်ကျွရွာနှင့် သံကောင်ရွာများကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ယခုအခါ မြေပုံရွာရှောင်ကွင်းလမ်းဖောက်လုပ်နေမှု၊ မြေပြန့်လမ်း ပေ၄၀အကျယ်အထိ တိုးချဲ့နေမှု၊ တောင်ပေါ်လမ်း ပေ ၃၀ အကျယ် တိုးချဲ့ခြင်းဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက် သံကူကွန်ကရစ် တံတားများ တည်ဆောက်နေမှုနှင့် ၁၄ပေ အမာခံလမ်းခင်းနေမှုများကို ပြင်ဦးလွင်မြို့နယ်မှ လက်ထောက်အင်ဂျင်နီယာ ဦးဇေယျာစိုးတင့်နှင့်အတူ လိုက်လံလေ့လာဖြစ်ခဲ့သည်။ လမ်းဖြတ်သန်းဖောက်လုပ်ရာ ကျေးရွာတိုင်းတွင် ဒေသခံများ၏ ဝမ်းသာကြည်နူးမှုအပြုံးများကို မြင်တွေ့ခဲ့ရသည်။



ပြင်စာ-ကဗြူးလမ်းနှင့်ဆုံမည့် ရွှေချောင်းအနီးစခန်းလမ်း ကျောက်ခင်းထားမှု အခြေအနေကို တွေ့ရစဉ်။

### အကျိုးကျေးဇူး

ပြင်စာ-ကဗြူး လမ်းဖောက်လုပ်နေမှုကို လိုက်လံလေ့လာရင်း အတွေးဝင်မိသည်။ ရေအားလျှပ်စစ် စီမံကိန်းရှိရာ ရဲရွာသို့ဖောက်လုပ်ထားသည့် ကဗြူး-ရဲရွာ ကားလမ်းရှိပြီး ဖြစ်သည်။ ယခုအခါ ပြင်စာရွာမှ ကဗြူးရွာသို့ အန္တရာယ်ကင်းသော ကားလမ်း ဖောက်လုပ်နေသည်။ ထို့ကြောင့် ပြင်စာ-ကဗြူး-ရဲရွာ အထိ ကားလမ်း အရှည်သည် ၂၁မိုင် ၁ဖာလုံ ရှိလာမည်ဖြစ်သည်။ ထိုအခါ ကျောက်ဆည်မှ ရဲရွာ၊ ရဲရွာမှ ပြင်ဦးလွင်သို့ တိုက်ရိုက် လမ်းပေါက်ကာ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်တော့မည် ဖြစ်သည်။ တစ်ဖန် ရဲရွာရေအားလျှပ်စစ်မှ ပြင်ဦးလွင်သို့ ရဲရွာ-ကဗြူး-ပြင်စာလမ်း အတိုင်းသွားလျှင် မူလလမ်းဟောင်းထက် ခရီးအကွာအဝေး ၁၃မိုင် လျော့နည်းသက်သာမည်။ ပြင်ဦးလွင်-မိုးကုတ်လမ်း ပြီးစီးပါက ကျောက်ဆည်မှ မိုးကုတ်အထိ ခရီးပေါက်တော့မည်ဖြစ်ရာ အကျိုးကျေးဇူး ကြီးမားသည့် လမ်းပင်ဖြစ်ကြောင်း တွေးနေမိသည်။

### သွားလာနိုင်

ပြင်စာ-ကဗြူးလမ်း ဖောက်လုပ်ပြီးစီးပါက လမ်းဘေးဝဲယာတစ်လျှောက် ကျေးရွာများနှင့် ဝန်းကျင်ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက် လာပေတော့မည်။ ရဲရွာရေအားလျှပ်စစ်ကို အထောက်အကူပြုမည့် လမ်းကြောင်းသစ်အဖြစ် တိုးတက်ဖြစ်ပေါ်လာတော့မည်။ ထို့အပြင် ရတနာပုံမြို့သစ်သို့ မန္တလေးမြို့ကို မဖြတ်ရဘဲ ကျောက်ဆည်မြို့မှ တိုက်ရိုက် သွားလာနိုင်တော့မည်။ လမ်းကွန်ရက်ချိတ်ဆက်နိုင်မှုက တစ်နိုင်ငံလုံးအနှံ့ ဖြစ်နေပေပြီ။

### အခြေခံအုတ်မြစ်

တောင်ပေါ်-မြေပြန့်နှင့် နယ်စပ်ဒေသများပါမကျန် လမ်းဖောက်၊ တံတားဆောက်နေမှုများကား နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအုတ်မြစ်ချ ဆောင်ရွက်နေသည့် စေတနာအလှတရားများပင် ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**



**ပြင်စာ-ကဗြူးလမ်း ဖောက်လုပ်ရေး၌ မြေသားလမ်း လုပ်ငန်းများကို စက်ယန္တရားများဖြင့် ဤသို့ ဆောင်ရွက်ကြစဉ်။**

# အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ
## ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၇**

ကယားပြည်နယ် လောပိတကျေးရွာအုပ်စု ရှမ်းရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုသည်။

**ရှပ်သိမ်း**

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ဒီမော့ဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ အခမ်းအနားကို ရှပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# လှိုင်လင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**လှိုင်လင် စက်တင်ဘာ ၆**

လှိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် မွန်းလွဲ၂နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်**(အပေါ်ပုံ)**က အမှာစကား ပြောကြားသည်။

**ယှဉ်ပြိုင်ကစား**

ထို့နောက် ပထမနေ့ပွဲစဉ်အဖြစ် မိုင်းပွန်ကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် အမှတ်(၄)ရပ်ကွက် (ခ)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သုံးဂိုးစီ သရေပွဲ ဖြစ်ခဲ့သည်။ အဆိုပါ မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲသို့ မြို့ပေါ်ရှိရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံးအသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ကွင်းဖွင့်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ **(၁၈၉)**

# နှစ် (၅၀)ပြည့် မင်္ဂလာဇင်းထုတ်ဝေရေး စေတနာရှင်များ စုပေါင်းလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၇**

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) တည်ထောင်ခြင်း နှစ် (၅၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရေးအတွက် ညောင်ဦး၊ ပုဂံ၊ ပခုက္ကူမြို့များမှ မြင်းပျံပုံးရည်ကြီးမှ ငွေကျပ် ၂၀၀၀၀၊ တော်ဝင်ဘော်ဒါပညာသင်ကျောင်းက ငွေကျပ် ၁၅၀၀၀၀၊ ဇိမ်ကွာစိ ဆီးပြားက ငွေကျပ် ၁၀၀၀၀၀၊ ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းက ငွေကျပ် ၁၀၀၀၀၀၊ ကဲကဲလေးစားသောက်ဆိုင်က ငွေကျပ် ၁၅၀၀၀၀၊ ဇီးကွက်ပုံးရည်ကြီးက ငွေကျပ် ၁၀၀၀၀၀၊ Sunset Garden II စားသောက်ဆိုင်က ငွေကျပ် ၁၀၀၀၀၀၊ Ever Stand ယွန်းထည်လုပ်ငန်းက ငွေကျပ် ၅၀၀၀၀၊ ရွှေပုဂံယွန်းထည်လုပ်ငန်းက ငွေကျပ် ၄၀၀၀၀၊ နေပြည်တော် အမှုန့်ကြိတ်လုပ်ငန်း၊ ရွှေဥသြယွန်းထည်လုပ်ငန်း၊ နန္ဒာ စားသောက်ဆိုင်၊ မြရတနာ စားသောက်ဆိုင်၊ ပုဂံမြို့သူပုံးရည်ကြီးတို့က ငွေကျပ် ၂၅၀၀၀ စီ စုစုပေါင်း အလှူငွေကျပ် ၁၁၁၅၀၀၀ ကို အလှူရှင်များကိုယ်စား ဦးဖိုးချို (ညောင်ဦးဖိုးချို) က စက်တင်ဘာ ၁ရက် နံနက်က တာမွေမြို့နယ် အာသောကလမ်း ချိုဟိန်းသန့် ဓာတ်ပုံ စတူဒီယို၌ ပေးအပ်လှူဒါန်းရာ ပုဂံ-ညောင်ဦးမြို့နယ်အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၊ မဂ္ဂဇင်းကော်မတီ ဒုတိယဥက္ကဋ္ဌ မဂ္ဂဇင်းတွဲဖက်တာဝန်ခံအယ်ဒီတာ ဦးစိုးဝင်း (သတင်းထောက်စဥ့်ကူစိုးဝင်း)၊ တွဲဖက်အတွင်းရေးမှူး ဦးပေါများ၊ ဘဏ္ဍာရေးမှူး ဦးသာထွေးတို့က လက်ခံယူကြကြောင်း သိရသည်။ **(အောက်ပုံ)** **(၁၁၃)**







# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲ ဒလမြို့နယ်၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

ဒလမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ မဲရုံတာဝန်လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ဒလမြို့ သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒလမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဒလမြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့် ဒလမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ရွှေ **(အပေါ်ပုံ)** တို့က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် ဒလမြို့နယ် ဥပဒေအရာရှိ ဦးအေးမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းလှိုင်တို့က ရွေးကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ မဲရုံလုပ်ငန်း တာဝန်များကို မဲပေးပုံသရုပ်ပြကာ ရှင်းလင်းဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ လုပ်ငန်းသင်တန်းသို့ ဒလမြို့နယ်အတွင်း မဲရုံပေါင်း ၁၇၇ရုံမှ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၃၅၄ဦး တက်ရောက်ကြသည်။

**(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**



# မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာသင်တန်း မြစ်ကြီးနားမြို့နယ်၌ ဖွင့်

**မြစ်ကြီးနား စက်တင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးနှင့် ကလေးကျန်းမာ ဖွံ့ဖြိုးရေးစီမံချက်နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် မိခင်နှင့်ကလေးဆိုင်ရာ ကျန်းမာရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၃၁ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ မြစ်ကြီးနားမြို့နယ်မှ အခြေခံကျန်းမာရေးဝန်ထမ်း ၄၆ဦး တက်ရောက်ကြပြီး သင်တန်းတွင် ပြည်နယ်အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်သင်ကြားရေး အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က ကျန်းမာရေးဆိုင်ရာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(ကျန်းမာရေး)**

**မင်းကင်းမြို့ မြို့ရေပေးရေး ဂါလန် ၁၆၀၀၀ ဆံ့ ရေစုကန်ကို ဩဂုတ် ၁၅ရက်က ဒုတိယအင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# မြို့နယ် သတင်း ထွေတလာ

# မိုးမောက်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ

**မိုးမောက် စက်တင်ဘာ ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၃၀ရက် ညနေက မံပုံအသင်းနှင့် မြို့သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပထမရရှိသော မံပုံအသင်းနှင့် ဒုတိယရရှိသော မြို့သစ်အသင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်မင်းနှင့် အတွင်းရေးမှူး ဦးမြင့်ဆွေတို့က ဆုတံဆိပ်နှင့်ဆုငွေများ ချီးမြှင့်ကြသည်။

ထို့နောက် ပထမရရှိသွားသော မံပုံအသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က မိုးရာသီဘောလုံးပြိုင်ပွဲ တံခွန်စိုက်ဖလား ပေးအပ်ရာအသင်းခေါင်းဆောင်က လက်ခံယူကြောင်းသိရသည်။

**(မြို့နယ် အား/ကာ)**

# အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်များ
## အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ပြိုင်ပွဲများကျင်းပ

**မန္တလေး စက်တင်ဘာ ၂**

ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်ထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ် လက်ရွေးစင်အားကစားသမားများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်၍ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၈ နာရီခွဲက မန္တလေးတက္ကသိုလ် အားကစားရုံ၌ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေ၊ အထက်မြန်မာပြည်တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး စားပွဲတင် တင်းနစ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒိုင်လူကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ကော်မတီဝင်များ၊ တက္ကသိုလ်၊ ကောလိပ်တို့မှ အသင်းခေါင်းဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြဆရာများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**အမှာစကား**

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ တာဝန်ခံညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ပါဝင်ယှဉ်ပြိုင်**

ထို့နောက် မန္တလေးတက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲများကိုကျင်းပရာ အသင်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၃သင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၈ ဦးနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ မော်လမြိုင်မြို့နယ်၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပညာရေးမှူးဒိုင်း အသက် ၁၃နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က မော်လမြိုင်မြို့ ရာမည အားကစားပြိုင်ကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် မော်လမြိုင်မြို့နယ် ရွှေနတ်တောင် အခြေခံပညာ အထက်တန်းကျောင်းအသင်းက အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် လက်ထောက်ပြည်နယ်ပညာရေးမှူး(စီမံ) ဦးမင်းထွန်းတင်က ဗိုလ်စွဲသွားသည့် ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်း အသင်းအား တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အရပ်အမြင့် (၅)ပေ၊(၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၄-၁၁-၂၀၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ ။ နံနက် (၉)နာရီမှ (၁၁)နာရီထိ။

(ခ) ဇီဝဗေဒ ။ နေ့လယ် (၁)နာရီမှ (၃)နာရီထိ။

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၀-၁၂-၂၀၁၀ ရက်နေ့မှ ၂၃-၁၂-၂၀၁၀ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသောအချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀၀ိ/-)၊ ဒုတိယနှစ်(၄၆၀၀၀ိ/-)၊ တတိယနှစ်(၄၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၄၈၀၀၀ိ/-)ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc(Med. Tech)
Bachelor of Paramedical Science(Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့(ဓာတ်မှန်ရိုက်ပညာ) B.P.Sc(Radiography)
Bachelor of Paramedical Science(Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့(ကာယကုထုံးပညာ) B.P.Sc(Physiotherapy)
Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
  ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာ့တပ်မတော်ပြေးခုန်ပစ်အားကစားအဖွဲ့အား ပို့ဆောင်နှုတ်ဆက်
### ရန်ကုန်တိုင်းဒေသကြီး စံပြစိုက်ပျိုးရေးအထူးဇုန်အတွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

**ပို့ဆောင်နှုတ်ဆက်**

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၉နာရီ ၄၅မိနစ်တွင် စင်ကာပူသမ္မတနိုင်ငံ၌ စက်တင်ဘာ ၁၂ရက်တွင် ကျင်းပမည့် စင်ကာပူတပ်မတော် Half Marathon အပြေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်

*စာမျက်နှာ ၉ ကော်လံ ၅* ●



ပြင်စာ-ကဗျူးလမ်း ကျောက်ခင်းထားရှိမှုကို ဤသို့ မြင်တွေ့ရသည်။

## ဒေသခံတို့ အပြုံးပန်းပွင့်လန်း ပြင်စာ-ကဗျူးလမ်း

➢ သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
➢ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)

နေပြည်တော် စက်တင်ဘာ ၇

ပြင်စာကျေးရွာကိုရောက်ချိန်မှာ နံနက် ၈နာရီ။ မြူနှင်းများက အုံ့ဆိုင်းနေဆဲ။ အကွေ့အကောက်များစွာဖြင့် ဖောက်လုပ်ထားသော မန္တလေး-လားရှိုးလမ်းအတိုင်း နံနက်စောစောထွက်လာခဲ့သည်။ မိုင်တိုင်အမှတ် ၂၇/၂တွင် ကားလမ်းဘေး၌ တည်ထားသည့် ပြင်စာရွာသို့ ရောက်ချိန်၊ မြူနှင်းများက မကွဲသေး။ ပြင်စာရွာမှ ကဗျူးရွာအထိ ကားလမ်းဖောက်လုပ်နေမှုလုပ်ငန်းကို လေ့လာရန် ခရီးဆက်ဖြစ်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ○